ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 22 August 2023 ၁၁၁၉၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မောတောင်ကုန်သွယ်ရေးစခန်းမှ ငရုတ်သီးစိမ်း၊ ငှက်ပျောသီးနှင့် ရေထွက်ကုန်ပစ္စည်းများ ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိ

**မောတောင် ဩဂုတ် ၂၁**

မောတောင် ကုန်သွယ်ရေးစခန်းအနေဖြင့် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၈၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆၇ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၅၂ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံသို့ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၁၀ ဒသမ ၀၉ တန်၊ ရွှံ့ကဏန်း(အရှင်) ၃ ဒသမ ၅၅ တန်၊ ခုံး(အရှင်) ၁ ဒသမ ၄၅ တန်၊ ကဏန်း(အသေ) ၄ ဒသမ ၂ တန်၊ ဂျင်းခရု(အရှင်) ၁၆ ဒသမ ၈ တန်၊ ကျောက်ပုစွန်(အရှင်) သုည ဒသမ ၇၉ တန်၊ ငှက်ပျောသီး ၃၅ တန်၊ ငရုတ်သီးစိမ်း ၁၆ ဒသမ ၀၄ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ အဓိက တင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၄ ဒသမ ၅ တန်နှင့် ကြွေပြား စတုရန်းမီတာ ၁၆၀၀ တို့ ဖြစ်သည်။ DOCA





# ကျောက်ဆည်မြို့နယ်၌ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချရသဖြင့် ကြက်သွန်နီလက်ဝယ်ရှိ တောင်သူများ အဆင်ပြေ

**ကျောက်ဆည် ဩဂုတ် ၂၁**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆည်၊ မြောင်း၊ ချောင်း၊ ကန် ပေါ်များသဖြင့် တောင်သူများ အနေဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ကြက်သွန်၊ ငရုတ်၊ နှမ်း၊ ငှက်ပျော စသည့် သီးနှံများ တွဲဖက်စိုက်ပျိုးကြကြောင်းနှင့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ရောင်းချရသဖြင့် ကြက်သွန်နီ လက်ဝယ်ရှိတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် ပျိုးပင်စိုက်ခြင်း၊ မျိုးဥစိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိပြီး မျိုးဥစိုက်ပျိုးခြင်းသည် တူးဖော်ပြီးပါက လှောင်ထား၍ မရသည့်အတွက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၁

| | | |
|---|---|---|
| အမရပူရ | ၅ ဒသမ ၆၈ | လက်မ |
| ပုသိမ်ကြီး(ရွှေစာရံ) | ၄ ဒသမ ၉၀ | လက်မ |
| မန္တလေး | ၄ ဒသမ ၁၇ | လက်မ |
| မြစ်ငယ် | ၃ ဒသမ ၉၄ | လက်မ |
| သပိတ်ကျင်း | ၃ ဒသမ ၅၄ | လက်မ |
| ပုတာအို | ၂ ဒသမ ၅၉ | လက်မ |
| ဝမ်းတွင်း | ၂ ဒသမ ၃၉ | လက်မ |
| ငါန်းဇွန် | ၂ ဒသမ ၂၃ | လက်မ |
| မြိတ် | ၂ ဒသမ ၁၆ | လက်မ |

**ယနေ့ ဖတ်စရာ**

မာရဝိဇယမြတ်ဗုဒ္ဓ သက္ကာယချီရှိဦးခိုက် ကြည်ညိုဖွယ်ပ ဆင်ယင်ကြ ဗုဒ္ဓအနုပညာသိုက်
ဆောင်းပါး စာမျက်နှာ » ၆

ဝါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
ဆောင်းပါး စာမျက်နှာ » ၁၀

ကျောက်မီးသွေး တူးဖော်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများ လျာထားချက် အပြည့်အဝ ထုတ်လုပ်ရေး/သယ်ယူရေး အတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၇

ရသစုံလင် မြူးမျက်နှာ
ဦးထုပ်နီကလေး
စာမျက်နှာ » ၁၆

ပြောင်းလဲမှုအတွက် ပြင်ဆင်ပါ
စာမျက်နှာ » ၁၇

ကြေးမုံ

# အများပြည်သူအကျိုးစီးပွား အလေးထား

ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့်အခက်အခဲမှာ လူမှုစီးပွားဘဝတွင် မဖြစ်မနေဝယ်ယူနေရသည့် အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်း မတည်ငြိမ်ခြင်းဖြစ်သည်။ အဆိုပါပြဿနာကို အဖြေရှာသောအခါ အကြောင်းရင်း များစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သော်လည်း အဓိကကျသည့်အချက်မှာ စက်သုံး ဆီဈေးနှုန်း၊ နိုင်ငံခြားငွေကြေးဈေးနှုန်းတို့ကိုအကြောင်းပြု၍ မမှန်မကန်ဆောင်ရွက် သည့် ရောင်းဝယ်ဖောက်ကားမှုများရှိနေခြင်းကြောင့် ဈေးနှုန်းများ မတည်မငြိမ် ဖြစ်နေခြင်းဟု သုံးသပ်မိသည်။

စက်သုံးဆီ၊ နိုင်ငံခြားငွေဈေးတက်၍ ကုန်ပစ္စည်းဈေးနှုန်းများ တက်လာသည် ဟုဆိုသော်လည်း ရောင်းဝယ်ဖောက်ကားသူတို့အနေဖြင့် အများပြည်သူ အကျိုး စီးပွားကို ရှေးရှု၍ ဖြစ်သင့်ဖြစ်ထိုက်သည်နှင့် မဖြစ်သင့်မဖြစ်ထိုက်သည်တို့ကို ခွဲခြားရှုမြင် ချိန်ဆဆောင်ရွက်ကြရန်လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် ဈေးကွက် စီးပွားရေးကို ကျင့်သုံးဆောင်ရွက်နေသည်မှန်သော်လည်း အများပြည်သူအကျိုး စီးပွား ထိခိုက်နစ်နာမှုများရှိလာပါက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် နိုင်ငံတော်အနေဖြင့် တာဝန်ရှိရာ ကုန်စည်ဈေးနှုန်းနှင့် ငွေကြေးဈေးကွက် တည်ငြိမ် မှုရှိစေရန် ထိန်းညှိကြပ်မတ်ဆောင်ရွက်နေသည်။

ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းကျောင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြား ငွေကြေးကို တရားဝင်ဈေးကွက်တွင် ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးနေသည်။ နိုင်ငံတော်၏ မိုက်ခရိုစီးပွားရေးအခြေအနေအပေါ် မူတည်အခြေပြုသည့် အတိုးနှုန်း မူဝါဒနှင့် ငွေကြေးမူဝါဒများကို ချမှတ်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေမှုရှိစေရန်နှင့် ဈေးကွက် တွင် နိုင်ငံခြားငွေလိုအပ်ချက် အဆင်ပြေချောမွေ့စေရန်အတွက် ပုဂ္ဂလိကဘဏ်များ မှတစ်ဆင့် စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းများသို့ အမေရိကန်ဒေါ်လာ ရောင်းချပေးခြင်း၊ အမေရိကန်ဒေါ်လာလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်ရေးကို လိုအပ်သလို ထိန်းကျောင်းဆောင်ရွက် နေသည်။

နိုင်ငံခြားငွေကြေး တရားဝင်လဲလှယ်နိုင်ရေး ဆောင်ရွက်ထားရှိပေးသော်လည်း တရားမဝင် ရောင်းဝယ်ဖောက်ကားဈေးကစားမှုများမှာ အစဉ်အဆက်ရှိနေဆဲ ဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်၍ ဈေးကွက်လိုအပ်မှုနှင့် သတ်မှတ် ထားသော အချက်အလက်များအပေါ် အခြေမခံဘဲ အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာ များပေါ်၌ ဈေးနှုန်းတက်ရန် ရေးသားပြောဆိုမှုများ၊ တရားမဝင်ငွေကြေးလဲလှယ် ရောင်းဝယ်ပို့ဆောင်မှုများ စသည့်နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်စေရန် ဆောင်ရွက် နေသူများရှိနေသည်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်များ သတ်မှတ်ထားသည်။ စည်းကမ်းများနှင့်အညီ သတ်မှတ်ပမာဏနှင့် သတ်မှတ်ကာလအတွင်း ကိုင်ဆောင်ရန်လိုအပ်ပြီး လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်သည်။

ကုန်သွယ်ရေးကဏ္ဍတွင် မှောင်ခိုရောင်းဝယ်မှုများနှင့် တရားမဝင်ကုန်တင်ပို့မှု များကြောင့် ပြည်တွင်း၌ ကုန်စည်ဈေးနှုန်းမတည်ငြိမ်ဘဲ မြင့်တက်နေခြင်းဖြစ်သည်။ ပြည်တွင်းသို့ တရားမဝင်ကုန်စည်များ ဝင်လာခြင်းမရှိစေရေးအတွက် တရားဥပဒေ စိုးမိုးရေးအဖွဲ့များက ကြပ်မတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားငွေကြေး ဈေးကွက်၌ မှန်ကန်သောအချက်အလက်များအပေါ်မူတည်၍ နိုင်ငံခြားငွေလဲလှယ် နှုန်းများကို နေ့စဉ်သတ်မှတ်ထားသည်။ ပြည်တွင်းသို့ ကုန်ပစ္စည်းတင်သွင်းသူ များလိုအပ်သည့် နိုင်ငံခြားငွေကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက် ရှိပြီး ဈေးကွက်၌ စက်သုံးဆီလိုအပ်ချက်ပြည့်မီစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် လိုအပ်သောကုန်ကြမ်းများ တင်သွင်းနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေဝင်ရောက်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ အမည်ခံပို့ကုန်တင်ပို့နေမှုများကိုလည်း အရေး ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသားများ ပြည်ပသို့ထွက်ခွာရာတွင် နိုင်ငံတကာငွေပေးချေမှုကတ် များအပြင် အသေးသုံးနိုင်ငံခြားငွေယူဆောင်သွားနိုင်ရေးအတွက် ဈေးကွက်တွင် လွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် တရားမဝင်ငွေလဲလှယ်သူများ ဈေးကစားခြင်းကို ထိန်းသိမ်းနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားဝင်ငွေလဲ ကောင်တာများဖွင့်လှစ်ပေးထားပြီး ခရီးသွားအမျိုးအစားအလိုက် နိုင်ငံခြားငွေကြေး အမျိုးမျိုးတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ကုန်စည်ဈေးနှုန်းများ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများကိုကျော်လွန်၍ မြင့်တက်နေခြင်းတွင် အဓိကကျသောအချက်မှာ နိုင်ငံခြားငွေကြေးများကို တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ၌ အခြေခံအကြောင်းရှိသဖြင့် တရားမဝင် ငွေကြေးရောင်းဝယ်ဖောက်ကားမှုများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် နိုင်ငံခြားငွေအသုံးပြုရန်လိုအပ်သည့် နိုင်ငံသားများအနေဖြင့် နိုင်ငံ တော်က တရားဝင်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ထွန်း ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရုံးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းငြိမ်းဝင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဘေးမခ ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်းရှိ ဆွမ်းဆန်တော် အခက်အခဲရှိသော ဘုန်းတော်ကြီးကျောင်းများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၂၀၀ | ၉၉၄ | ၉,၀၇၄,၇၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၅,၉၃၆ | ၁၈,၉၉၅,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၅ | ၄၀,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၅၅၂ | ၉၁၀,၈၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁၀၀ | ၂၄၀,၀၀၀ |
| EFR | ၂,၃၅၀ | ၂,၃၅၀ | ၂,၃၉၅ | ၅,၅၂၂,၇၅၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၄ | ၁၉,၇၀၀ |
| MAEX | ၁,၉၅၀ | ၁,၉၅၀ | ၇,၅၇၈ | ၁၄,၇၇၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတကာစစ်ဘက်နည်းပညာ ဖိုရမ်နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုဒေသတွင်ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (ARMY–2023)နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ(XI Moscow Conference on International Security)သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Counsellor Mr. Pavel KLABUKOV၊ စစ်သံမှူး Mr. Sergey KURCHENKO နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**အထိမ်းအမှတ်ရုပ်တု ဖွင့်လှစ်**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရုရှားတပ်မတော် ပင်မဘုရားကျောင်းကြီး နယ်မြေရှိ Alley of Allies တွင်မြန်မာတို့၏ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဝါဒီများကို တွန်းလှန်တိုက်ခိုက်အောင်မြင်ခဲ့မှု အထိမ်းအမှတ်အနေဖြင့် ထုလုပ်ပုံဖော်ထားသည့် ရုပ်တုဖွင့်ပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Shoigu နှင့် အတူတက်ရောက်ခဲ့ပြီး ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အထိမ်းအမှတ်ရုပ်တု ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယခုအထိမ်းအမှတ်ရုပ်တုသည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ရည်စူးအောက်မေ့သတိရစေရန် ထုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရုပ်တုဖွင့်ပွဲသည် နှစ်နိုင်ငံတပ်မတော်များအကြား ကာကွယ်ရေးနှင့် ယဉ်ကျေးမှု ကူးလူးဆက်နွယ်မှု၊ သမိုင်းကြောင်းအရ ဆက်နွယ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ညွှန်းလျက်ရှိကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအခြေအနေများသည် မည်သူမျှ ကြားဝင်ဖျက်ဆီး၍ မရနိုင်သကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ မဟာဗျူဟာမိတ်ဖက်အနေဖြင့် ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ မိမိတို့မြန်မာနိုင်ငံကို အသိအမှတ်ပြုပြီး အထိမ်းအမှတ်ရုပ်တုပြုလုပ်ပေးခြင်းအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့က အထိမ်းအမှတ်ရုပ်တုကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY–2023) ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မျိုးချစ်ပန်းခြံ(Patriot Park) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

Alexander Fomin နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် လုပ်ဆောင်ရေးဆိုင်ရာနှင့်ပညာတော်သင် သင်တန်းသားစေလွှတ်မှုဆိုင်ရာကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ် (ARMY–2023) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြခန်းအတွင်း ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု၍ Aquarius IT ဆိုင်ရာကုမ္ပဏီ၊ BSVT စစ်လက်နက်ပစ္စည်းဆိုင်ရာ ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။

ဩဂုတ် ၁၅ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် (၁၁)ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ(XI Moscow Conference on International Security) ဖွင့်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရာ ရုရှားသမ္မတ Vladimir Putin က Vedio Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးပြီး ရုရှားကာကွယ်ရေးဝန်ကြီး Army General Sergey Shoigu က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေး ဒုတိယပိုင်းဖြစ်သည့် "အာရှ–ပစိဖိတ်ဒေသတွင်းလုံခြုံရေး" ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာရှ–ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အရေးပါကြောင်းနှင့် အာရှပစိဖိတ်ဒေသတွင်း ကုန်သွယ်မှုနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ကို Video Message ဖြင့် မိန့်ခွန်းပြောကြားသည်။ အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၂၀ မှ ကာကွယ်ရေးဝန်ကြီးအဆင့် ပုဂ္ဂိုလ် ၂၀၊ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဒုတိယကာကွယ်ရေးဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၁၆ ဦး၊ နိုင်ငံ ၁၂ နိုင်ငံမှ ညွှန်ကြားရေးမှူး အဆင့်ပုဂ္ဂိုလ် ၁၂ ဦးအပါအဝင် အင်အား ၈၀၀ ကျော် တက်ရောက်ကြသည်။

ဩဂုတ် ၁၆ ရက်တွင် နိုင်ငံတကာ စစ်ဘက်နည်း ပညာဖိုရမ် (ARMY–2023)ကို ကျင်းပရာ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မျိုးချစ်ပန်းခြံ(Patriot Park) အတွင်း ခင်းကျင်းပြသထားသည့် စစ်ဘက်သုံး ယာဉ်/လက်နက်နှင့် အထောက်အကူပစ္စည်းများကို လိုက်လံကြည့်ရှုပြီး PJSC(UAC)၊ Technodinamika နှင့် Rosobornexport ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် မြန်မာစစ်သံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး စစ်သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဩဂုတ် ၁၇ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်း တည်ထားသည့် ရွှေစည်းခုံ(ပုံတူ) စေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကာ နိုင်ငံစုံမှပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး ရုရှားတပ်မတော် ပင်မဘုရားကျောင်းကြီး (Main Cathedral of the Russian Armed Forces) ဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ စစ်ပွဲများတွင် သိမ်းဆည်းရမိခဲ့သည့် ပြည်ပနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာသည်။

ဩဂုတ် ၁၈ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မော်စကိုမြို့ရှိ မြန်မာစစ်သံရုံး၌ သံအမတ်ကြီး၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ်ရှိ ဆိုလာဆဲလ်ထုတ်လုပ်မှုနှင့် သံမဏိစက်ရုံတို့ကို ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် Qujing Jingkai ခရိုင် Nanhai စက်မှုဇုန်ရှိ Yunnan Runyang century Phobovoltaic Technology ကုမ္ပဏီလီမိတက်မှ တည်ထောင်လျက်ရှိသည့် စွမ်းဆောင်ရည်မြင့် ဆိုလာဆဲလ်ထုတ်လုပ်မှုလုပ်ငန်းခွင်ကို သွားရောက်လေ့လာသည်။

ဧရိယာအကျယ် 468 mm ရှိပြီး ဆောက်လုပ်ရေးဧရိယာ ၂၁၀၀၀၀ စတုရန်းမီတာရှိသည့်စီမံကိန်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံ ၃၆ ရုံ ပါရှိမည်ဖြစ်ရာ တစ်ရုံလျှင် 550 Mega Watt ထုတ်လွှင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ သုံးရုံ ပြီးစီးပြီဖြစ်ပြီး ပထမအဆင့် ထုတ်လွှတ်မှုပိုင်းကို ဇူလိုင် ၁ ရက်တွင် စတင်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Chenggang Group ၏ လူသိများသော Yunnan Qujing Chenggang Iron and Steel (Group) Co., Ltd. ၏ သံမဏိစက်ရုံသို့ သွားရောက်လေ့လာသည်။ ယင်းစက်ရုံကို ၂၀၀၄ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး သံနှင့် သံမဏိပြုလုပ်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်း၊ စွမ်းအင်အရင်းအမြစ်များ ပြန်လည်အသုံးပြုခြင်း စသည့် လုပ်ငန်းကြီးများ လုပ်ဆောင်သည့် အုပ်စုအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါ လုပ်ငန်းခွဲပေါင်း ၁၆ ခုကို ဝန်ထမ်းပေါင်း ၁၀၀၀၀ ကျော်ဖြင့် လုပ်ဆောင်လျက်ရှိသည်။

**အဓိကစီမံကိန်းကြီးများတွင် အသုံးပြုလျက်ရှိ**

ယူနန်ပြည်နယ်ရှိ ထိပ်တန်းလုပ်ငန်း ၁၀၀ တွင် ၁၀ နှစ်ဆက်တိုက် ရှေ့တန်းတွင် ရပ်တည်လျက်ရှိပြီး အရည်အသွေးကောင်းမွန်မှုကြောင့် Chenggang အမှတ်တံဆိပ်ထုတ်ကုန်များကို ကမ္ဘာ့ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်သည့် Baihetam ရေအားလျှပ်စစ်စခန်း၏ ၂၈၉ မီတာမြင့်သော ပင်မဆည်၊ Changshui အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရှန်ဟိုင်း-ကူမင်းရထား၊ Xikum မြန်နှုန်းမြင့်မီးရထားတို့အပါအဝင် အဓိကစီမံကိန်းကြီးများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား China International Cooperation Association of SMES Executive Director Global Business, CEO ဖြစ်သူ Mr . Yi Homs နှင့်အဖွဲ့သည် တည်းခိုရာ ကူမင်းမြို့ရှိ Wanda Realm ဟိုတယ်၌ လာရောက်တွေ့ဆုံပြီး တရုတ် - အရှေ့တောင်အာရှ၊ တောင်အာရှ ဒစ်ဂျစ်တယ်စီးပွားရေးကို e - commerce ဖြင့် အကောင်အထည်ဖော်ဆောင်နေမှုများကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ် Qujing Jingkai ခရိုင် Nanhai စက်မှုဇုန်ရှိ Yunnan Runyang century Phobovoltaic Technology ကုမ္ပဏီလီမိတက်မှ တည်ထောင်လျက်ရှိသည့် စွမ်းဆောင်ရည်မြင့် ဆိုလာဆဲလ်ထုတ်လုပ်မှုလုပ်ငန်းခွင်တွင် ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Yunnan Qujing Chenggang Iron and Steel (Group) Co., Ltd. ၏ သံမဏိစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

လက်ရှိတွင် အဆိုပါ Web Portal ၌ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော တရုတ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့အပြင် ဂျပန်၊ အင်္ဂလန်၊ အိန္ဒိယနှင့် ကိုရီးယားနိုင်ငံ စုစုပေါင်း ၁၀ နိုင်ငံမှ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်မှု စသည်တို့ကို သတင်းအချက်အလက်များ ရယူဖြန့်ဖြူးပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဖွဲ့၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ၁၉၉၄ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် RUIHEJC ကုမ္ပဏီကိုရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းကုမ္ပဏီသည် Online ကုန်စည်ပို့ဆောင်မှုလမ်းကြောင်းများကို အခြေတည်ပြီး သတင်းအချက်အလက်နှင့် နည်းပညာကိုပံ့ပိုးပေးခြင်းဖြင့် ပို့ဆောင်မှုစနစ်ကို တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းမကြီး၊ မီးရထားနှင့် ပင်လယ်ရေကြောင်းများအပါအဝင် နှစ်လမ်းသွားပို့ဆောင်နိုင်မှုကို လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ယင်းကုမ္ပဏီသည် တောင်အာရှနှင့် အရှေ့တောင်အာရှတွင် အဓိကအချက်အချာနေရာတစ်ခုဖြစ်သည့် ယူနန်ပြည်နယ်တွင် အခြေပြု၍ တရုတ်ပြည်သို့ ဖြန့်ကြက်လုပ်ဆောင်နေမှုများအပြင် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ကာ အိန္ဒိယသမုဒ္ဒရာကို အသုံးပြုခြင်းဖြင့် ကုန်းကြောင်း၊ ရေကြောင်း လမ်းသစ်များဖွင့်လှစ်ပြီး "လမ်းဆုံတစ်ခု၊ သမုဒ္ဒရာနှစ်စင်း" မျှော်မှန်းချက်ထားရှိကာ အကောင်အထည်ဖော်ရန် ရည်မှန်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

တူးဖော်ပြီးပါက ချက်ချင်းရောင်းချရကြောင်း ပျိုးပင်စိုက်ပျိုးခြင်းသည် အထားခံသည့်အတွက် တူးဖော်ပြီး ကြိုက်ဈေးရသည်အထိ သိုလှောင်၍ ထားနိုင်ကြောင်း သိရသည်။

ကြက်သွန်တစ်ဧကစိုက်ပျိုးမည်ဆိုပါက ငွေကျပ်ကိုးသိန်းနီးပါးကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကပိဿာ ၃၀၀၀ နှင့် ၃၅၀၀ အကြား ထွက်ရှိကြောင်း တောင်လွဲကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်အောင်က ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဩဂုတ် ၂၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

-------------------------

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၁**

မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# ပင်စင်ဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပင်စင်ဦးစီးဌာန ရုံးအမှတ်(၃၄) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

**ရည်ရွယ်ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်**

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုသင်တန်းကို ပင်စင်ဦးစီးဌာနမှ အရာထမ်းနှင့်အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်၊ အမျိုးသားပင်စင်စနစ်(National Pension System) ပေါ်ပေါက်လာရေးအတွက် မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲခြင်း(Parametric Reform) နှင့် ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသောရန်ပုံငွေကိုအခြေခံ၍ ပင်စင်အကျိုးခံစားခွင့်ပြုသည့်စနစ်(Systemic Reform)သို့ ပြောင်းလဲဆောင်ရွက်မည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) ထူထောင်နိုင်ရေးကို မူဝါဒရည်မှန်းချက်နှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း။




အငြိမ်းစားဝန်ထမ်းများ ခံစားခွင့်ရရှိသည့်ပင်စင်လစာငွေများ အဆင်ပြေချောမွေ့စွာ ထုတ်ယူခံစားနိုင်ရေးအတွက် သတ်မှတ်ထားသည့် ပင်စင်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေတနာထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ပင်စင်ဦးစီးဌာနမှ အရာထမ်း/အမှုထမ်း စုစုပေါင်း ၄၃ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တပတ် ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ အောင်မြင်မှုမှတ်တိုင်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်ဖြစ်သော လူဦးရေ တစ်သောင်းလျှင် အနာကြီးရောဂါဖြစ်ပွားသူ တစ်ဦးအောက်လျော့နည်းအောင် လျှော့ချနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ရောဂါကူးစက်မှုရှိနေဆဲဖြစ်ပြီး အနာကြီးရောဂါလူနာသစ်များ နှစ်စဉ်ရှာဖွေတွေ့ရှိနေရဆဲဖြစ်သောကြောင့် လူနာများကို ကိုယ်အင်္ဂါချို့ယွင်းမှုမဖြစ်မီ စောစီးစွာရှာဖွေဖော်ထုတ်နိုင်ရေးအတွက် လူနာသစ်ရှာဖွေရေးလုပ်ငန်းများ (Case Finding Activities)ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း၊ အထူးသဖြင့် အနာကြီးရောဂါလူနာနှင့်အတူနေသူများကို စစ်ဆေးခြင်း (Household Contact Examination) နှင့် အနာကြီးရောဂါ အသိပညာပေးခြင်းနှင့် လူနာသစ်ရှာဖွေရေးလုပ်ငန်း (Leprosy awareness raising activites) ကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အနာကြီးရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို ပုံမှန်လုပ်ငန်းတစ်ခုအဖြစ် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးသည် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ရန်၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးရန်၊ အဆိုပါရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန်နှင့် အမေ့လျော့ခံကူးစက်ရောဂါတစ်ခု မဖြစ်စေရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် ရလဒ်ကောင်းများ ရရှိစေရန် ဝိုင်းဝန်းဆွေးနွေးပေးသွားရန် လိုကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ရောဂါနှိမ်နင်းရေး အဆောက်အအုံ၏ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲကို သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဒုတိယတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး (တီဘီ/အနာကြီး)များ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/အနာကြီး)များ၊ အနာကြီးရောဂါ စောင့်ရှောက်ရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၇) သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၇) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် Online Learning System ဖြင့် ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၂၀၈ ဦး၊ သင်တန်းသူ ၃၃၇ ဦး စုစုပေါင်း ၄၄၅ ဦး တက်ရောက်လျက်ရှိပြီး ဩဂုတ် ၂၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ In-House Learning ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်နှင့် အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့်အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သာယာဝတီမြို့နယ် အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းများအား ခရိုင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ထွန်းဦး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျောင်းကျန်းမာရေး စစ်ဆေးခြင်း၊ သန်ချဆေးနှင့် vitA တိုက်ကျွေးခြင်း၊ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးခြင်း၊ အာဟာရကျွေးမွေးခြင်းများ၊ ခရိုင်ပြည်သူ့ကျန်းမာရုံး၌ မိခင်နှင့်ကလေး နို့တိုက်ကျွေးခြင်း သရုပ်ပြခြင်း၊ အာဟာရပြည့်ဝစွာ ချက်ပြုတ်ခြင်းများ သရုပ်ပြခြင်းဆိုင်ရာ အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ လှုပ်ရှားမှုများတွင် ကျန်းမာရေး ဝန်ထမ်းများက အာဟာရပြည့်ဝမျှတသော အစားအစာ ပြင်ဆင်ချက်ပြုတ် သရုပ်ပြခြင်းနှင့် ငါးနှစ်အောက်ကလေးများအား သန်ချဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်မှန်နို့တိုက်နည်း သင်ကြားပြသပေးပြီး အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၀၉ ခုစစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၀-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၁-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ညောင်တုန်းမြို့နယ်၌ အခွန်ဆိုင်ရာဥပဒေရှင်းလင်းပွဲ ကျင်းပ

ညောင်တုန်း ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြန်လည်ဆွေးနွေးဖြေကြား**

ရှင်းလင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်နှင့် ညောင်တုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်အောင်ကျော်တို့က မြို့နယ်အတွင်းရှိ ရွှေဆိုင်များ၊ စားသောက်ဆိုင်များ၊ မိုဘိုင်းဖုန်းဆိုင်များ၊ ဟိုတယ်/တည်းခိုခန်းများနှင့် ရုပ်သံလွှင့်မီဒီယာများ ယင်းလုပ်ငန်း ငါးမျိုးနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မာရဝိဇယမြတ်ဗုဒ္ဓ သက္ကာယချီရှိဦးခိုက် ကြည်ညိုဖွယ်ပ ဆင်ယင်ကြ ဗုဒ္ဓအနုပညာသိုက်

**တက္ကသိုလ်မြတ်သူ**

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိထွန်းကားခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်ခဲ့ပေပြီ။ ဒုတိယတကောင်းခေတ်ကပင် မြတ်ဗုဒ္ဓ၏သာသနာတော် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ကြောင်း စာများ၌ ဖတ်ရ၊ မှတ်ရသည်။ ရှေးဟောင်းမြန်မာနိုင်ငံမှ ပျူခေတ်များဖြစ်သည့် ဟန်လင်း၊ တကောင်း၊ မိုင်းမော၊ ဗိဿနိုး၊ သရေခေတ္တရာခေတ်တို့၌ ဗုဒ္ဓသာသနိကအဆောက်အအုံများဖြစ်သော စေတီပုထိုး၊ ရုပ်ပွားဆင်းတုတော်များအား ကိုးကွယ်ခဲ့ကြပေသည်။

ပျူခေတ်၊ ပျူမြို့ပြနိုင်ငံ၊ ပျူမင်းများလက်ထက်မှာပင် ဗုဒ္ဓဓမ္မစာပေဟုဆိုရမည့် –

ယေဓမ္မာ ဟေတုပ္ပဘဝါ

တေသံဟေတုံ တထာဂတော အာဟ။

တေသဉ္စ ယောနိရောဓော။

ဧဝံဝါဒီ မဟာသမဏော ဂါထာပါ ကျောက်ချပ်၊ ပေချပ်များကို သရေခေတ္တရာ ဦးခင်ဘ ယာခင်းကုန်းမှ တူးဖော်ရရှိခဲ့သည်။ ယင်းဂါထာတော်၏အနက်မှာ "အကြင်တရားတို့သည် အကြောင်းရင်းအမှန်ရှိကြလေကုန်၏။ ထိုတရားတို့၏အကြောင်းကို ဗုဒ္ဓသခင်သည် ဟောတော်မူ၏။ ထိုတရားတို့၏ ချုပ်ရာ၊ ကုန်ရာ၊ ငြိမ်းရာရှိ၏။ ထိုသို့ချုပ်ခြင်းကို မြတ်ရဟန်းကြီး(ဗုဒ္ဓ)က ဤသို့အယူရှိ၏"ဟူ၍ဖြစ်သည်။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနား ကျင်းပစဉ်။

**ဓမ္မစကြာတရားဦး**

ထိုဂါထာကို ဗုဒ္ဓ၏တရားဦး ဓမ္မစက္ကပဝတ္တနဓမ္မစကြာတရားဦးကို နာကြားကြသော (ပဉ္စဝဂ္ဂီငါးဦးအနက် အသက်အငယ်ဆုံး) ရှင်အဿဇိသည် ညဘက် တရားနာ၊ နေ့ဘက် ကိုယ်တိုင်ဆွမ်းခံမြဲဖြစ်၏။ တစ်နေ့သ၌ ရှင်အဿဇိဆွမ်းခံနေသည်ကို တွေ့ရသော သိဥ္စည်းဆရာကြီးထံ တပည့်ခံပညာယူနေသည့် ဥပတိဿ (ရှင်သာရိပုတ္တရာလောင်းလျာ) က မြင်လိုက်ရ၏။ ရှင်အဿဇိ၏ ဣန္ဒြေသိက္ခာရင့်ကျက်သောအနေအထားကို မြင်ရသော ဥပတိဿက ဤပုဂ္ဂိုလ်တွင် တရားထူး (ပညာထူး) ရှိမည်ဟု တွက်ဆကာ ရှင်အဿဇိနောက်လိုက်ပါပြီး သင်ရရှိလေသော တရားထူးရှိက ပြောပြပါဟု တောင်းပန်စဉ် ရှင်အဿဇိက အထက်ပါအတိုင်း ထိုသို့မျှသာ ဖြေကြားပေးခဲ့သည်။ မိမိလည်း ယခုတော့ ဤမျှသာသိပါသေးသည်၊ ပြောနိုင်ပါသေးသည်ဟုဆိုသည်။ ဥပတိဿသည် ဉာဏ်ရည်တော်သူ (နောင် ဗုဒ္ဓ၏လက်ယာတော်ရံ၊ ဉာဏ်အရာတွင် ဧတဒဂ်ရသည့်ရဟန္တာ) ဖြစ်၍ သဘောပေါက်ကာ အတူပညာသင်ဖက် ကောဠိတ (ရှင်မဟာမောဂ္ဂလာန်–တန်ခိုးအရာ ဧတဒဂ်ရ ဗုဒ္ဓ၏လက်ဝဲတော်ရံ ရဟန္တာလောင်း) အား အကျိုးအကြောင်းရှင်းပြ၊ အဖော်စပ်ပြီး ဗုဒ္ဓထံရောက်ရှိကြ၊ တရားနာကြဖြင့် ရဟန္တာများဖြစ်လာခဲ့သည်။

ယင်း– ယေဓမ္မာဟေတုပ္ပဘဝါ အစချီဂါထာကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ ပေကျင်းမြို့တော် အနောက်ဘက်တောင်ကုန်းရှိ မြတ်ဗုဒ္ဓ၏ အထက်လက်ဝဲစွယ်တော် စံပယ်ရာ ဘုံဆယ်ဆင့် စွယ်တော်တိုက်စေတီ၏ မြေအောက်၊ စွယ်တော်သိမ်းဆည်းရာတွင် အစဉ်ဖုံးထားသည့် ကျောက်ပြားပေါ်တွင်လည်း တွေ့ရသည်။ မြတ်ဗုဒ္ဓ၏ စွယ်တော်လေးဆူအနက် အထက်လက်ယာစွယ်တော်ကား တာဝတိံသာနတ်ပြည်မှ စူဠာမဏိစေတီတော်၌ ဌာပနာထားသည်။ အောက်လက်ယာစွယ်တော်ကား နဂါးပြည်၌ စေတီတည်ထားဌာပနာသည်။ အောက်လက်ဝဲစွယ်တော်ကား သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စွယ်တော်တိုက်တွင် စံပယ်လျက်ရှိသည်။ (သီရိလင်္ကာမှ စွယ်တော်၊ တရုတ်ပြည်မှ စွယ်တော်များ မြန်မာပြည်သူများ ပူဇော်နိုင်ရန် သုံးကြိမ်မျှစီ

**ပျူဘုရင်၊ ပျူဘုရင်မ၊ ရသေ့ရဟန်းတို့တည်ခဲ့သောစေတီများ၊ ရုပ်ပွားဆင်းတုတော်ဟောင်းများအား ယနေ့ပြန်တွေ့နေရသည်။ သရေခေတ္တရာတွင် စေတီပုထိုး၊ ရုပ်ပွားဆင်းတုတော်များ အထူးတလည်တည်ထားခဲ့သည်ကို တွေ့ရသည်။ ပုဂံ(ညောင်ဦး)ကား ပုဂံခေတ်တစ်လျှောက် "လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း" ဟူသောစာဆိုနှင့်အညီ ဘုရားပုထိုးစေတီများ လက်ညှိုးထိုးမလွဲတည်ခဲ့သည်။ ပုဂံခေတ် အနော်ရထာသည် ရွှေစည်းခုံစေတီတော်အပါအဝင် စေတီများတည်ခဲ့သည်။ ကျန်စစ်သားမင်း၊ အလောင်းစည်သူ၊ နရပတိစည်သူ စသည့်ဘုရင်များ တည်ထားခဲ့သော စေတီပုထိုးများ၊ ရုပ်ပွားဆင်းတုများက ယနေ့မြန်မာတို့အတွက် သာသနာ့အမွေ၊ ယဉ်ကျေးမှုအမွေအဖြစ် တည်ရှိနေပေရာ ကမ္ဘာကပင် တအံ့တသြဖြစ်ကြရ**

မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့သည်။) ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ညတွင် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ စွယ်တော်ကို ပူဇော်ကန်တော့ကြစဉ် မသမာ မိစ္ဆာပြည်ပြေး အကြမ်းဖက်သမားများက စွယ်တော်ဖူးဟန်ဆောင်ကာ ဗုံးတပ်ဆင်ဖောက်ခွဲသဖြင့် ဘုရားဖူးပြည်သူများ အသက်ခန္ဓာဆုံးရှုံးရ၊ ထိခိုက်ကြရဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ မြန်မာနိုင်ငံကို ကျူးကျော်နယ်ချဲ့တိုက်ခိုက်သည့် ဒုတိယစစ်ပွဲအပြီး၊ တတိယစစ်ပွဲအပြီးကာလများ၌ စေတီပုထိုးများအား ဖြိုချဖျက်ဆီးကာ ဌာပနာပစ္စည်း အဖိုးတန်ရတနာများ ရှာဖွေလုယက်ကြ၊ ခိုးယူကြလုပ်ခဲ့သည်။

ရွှေတိဂုံစေတီတော်ရင်ပြင်၌လည်း ရွှေချထားသော ဗုဒ္ဓဆင်းတုတော်များအား ရဲတင်း၊ ပုဆိန်တို့ဖြင့် ခွဲပြီး အတွင်း၌ ဌာပနာရတနာပစ္စည်း ရှိ၊ မရှိ ရှာပုံ၊ အင်္ဂလိပ်အရာရှိကြီးများကလည်း ရွှေတိဂုံစေတီတော်၏ဌာပနာတိုက်မှ ရှေးဟောင်းဌာပနာပစ္စည်းရတနာများယူရန် စေတီတော်အား ဖောက်ထွင်းရှာခဲ့ကြသည်ကို အမြင်မတော်သော အင်္ဂလိပ်အချင်းချင်း ရေးသားသောစာအုပ်များ၌ ဖော်ပြခဲ့သည်။ ရွှေတိဂုံရာဟုထောင့်ရင်ပြင်၌ အင်္ဂလိပ်စစ်တပ်ကို တပ်ချထားပြီး မြန်မာများကို ဘုရားပေါ်သို့ တောင်ဘက်စောင်းတန်းတစ်ခုတည်းမှသာ တက်ရောက်ခွင့်ပြုခဲ့သည်။ ဘုရားပေါ်သို့ အင်္ဂလိပ်နှင့်တကွ နိုင်ငံခြားသားများ ဖိနပ်စီးတက်နေကြသည်ကို မြန်မာဗုဒ္ဓဘာသာဝင်များ၊ မြန်မာစာနယ်ဇင်းများ၊ ဝိုင်အမ်ဘီအေ ဗုဒ္ဓကလျာဏယုဝ အသင်းကြီးနှင့်အတူ လက်တွဲကန့်ကွက်ခဲ့ရသည်။

**ပရိဘောဂစေတီကဲ့သို့သော စေတီတော်များကို နိုင်ငံအနှံ့ လက်ညှိုးထိုးမလွဲတည်ထား**

မြန်မာဗုဒ္ဓဘာသာတို့က မြတ်ဗုဒ္ဓ၏ ဓမ္မစကြာ၊ သစ္စာလေးပါးမြတ်တရား၊ အနတ္တလက္ခဏာတရားများကို လက်ခံယုံကြည်ကိုးကွယ်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်မပြုမီကပင် ခွင့်ပြုခဲ့သော ဗုဒ္ဓအားရည်မှန်းပူဇော်သော ဥဒ္ဒိဿစေတီ၊ တရားဓမ္မများကို ရည်စူးဌာပနာတည်ထားသည့် ဓမ္မစေတီ၊ ဘုရား၏ သရီရဓာတ်တော်များဌာပနာသည့် ဓာတုစေတီ၊ ဗုဒ္ဓ၏အသုံးအဆောင်၊ ပရိဘောဂများ ဌာပနာသည့် ပရိဘောဂစေတီကဲ့သို့သော စေတီတော်များကို နိုင်ငံအနှံ့ လက်ညှိုးထိုးမလွဲတည်ထားခဲ့ကြသည်။ ဘုရင်မင်းများ၊ မှူးမတ်၊ စစ်သူကြီးများ၊ မြို့ဝန်များ၊ ချမ်းသာကြွယ်ဝသော သူဌေးသူကြွယ်များသာမက သာမန်ပြည်သူဆင်းရဲသားများကပင် တတ်အားသရွေ့ ငွေအင်အား၊ ပစ္စည်းပစ္စယအင်အား၊ လူအင်အားဖြင့် ဘုရားတည်ကြသည်။ နေအိမ်များတွင်လည်း ဗုဒ္ဓရုပ်ပွားဆင်းတုများ ပူဇော်ထားကြသည်။ မြေကမူများ၊ တောင်ကုန်းငယ်များနှင့် တောင်ထိပ်တောင်စွယ်၊ တောင်ခါးပန်းများ၌ စေတီပုထိုးများ တည်လေ့ရှိသည်။

ပျူဘုရင်၊ ပျူဘုရင်မ၊ ရသေ့ရဟန်းတို့ တည်ခဲ့သောစေတီများ၊ ရုပ်ပွားဆင်းတုတော်ဟောင်းများအား ယနေ့ပြန်တွေ့နေရသည်။ သရေခေတ္တရာတွင် စေတီပုထိုး၊ ရုပ်ပွားဆင်းတုတော်များ အထူးတလည် တည်ထားခဲ့သည်ကို တွေ့ရသည်။ ပုဂံ(ညောင်ဦး)ကား ပုဂံခေတ်တစ်လျှောက် "လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း" ဟူသောစာဆိုနှင့်အညီ ဘုရားပုထိုးစေတီများ လက်ညှိုးထိုးမလွဲတည်ခဲ့သည်။ ပုဂံခေတ် အနော်ရထာသည် ရွှေစည်းခုံစေတီတော်အပါအဝင် စေတီများတည်ခဲ့သည်။ ကျန်စစ်သားမင်း၊ အလောင်းစည်သူ၊ နရပတိစည်သူ စသည့် ဘုရင်များတည်ထားခဲ့သော စေတီပုထိုးများ၊ ရုပ်ပွားဆင်းတုများက ယနေ့မြန်မာတို့အတွက် သာသနာ့အမွေ၊ ယဉ်ကျေးမှုအမွေအဖြစ် တည်ရှိနေပေရာ ကမ္ဘာကပင် တအံ့တသြဖြစ်ကြရလေသည်။

မြန်မာ့ထီးဆက်နန်းဆက်၊ မင်းဆက်အဆက်ဆက်တို့ တည်ထားခဲ့သည့် စေတီပုထိုး၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်တို့အကြောင်း စာရင်းလုပ်၍ ရေးမနေတော့ပါ။ စာမျက်နှာကို ငဲ့လိုက်ပါသည်။ ပုဂံခေတ်အလွန် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မြင်စိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ အမရပူရ၊ ရတနာပုံမန္တလေးခေတ် ဘုရင်အဆက်ဆက်၏ ကောင်းမှုတော်စေတီပုထိုး၊

စာမျက်နှာ ၇ သို့ ✻

✻ စာမျက်နှာ ၆ မှ

ဗုဒ္ဓရုပ်ပွားတော်ကြီးများကား များလှချေသည်။ မြန်မာဘုရင်စနစ်ကို အမြစ်ပါဆွဲနုတ်ပြီး မြန်မာ့ဦးစွန်း၊ ဗုဒ္ဓသာသနာတော်တို့ကို နယ်ချဲ့တို့ ချိုးနှိမ်နိုင်ခဲ့ပုံများကလည်း ရေး၍မဆုံးနိုင်အောင် များလှပါသည်။

**ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပ**

မြန်မာတို့သည် မိမိတို့နိုင်ငံပိုင်နက် မိမိ၏ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ ကိုယ်ပိုင်လွတ်လပ်ရေးကို ပြန်ရအောင် တိုက်ယူခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးပြန်ရခဲ့သည်။ လွတ်လပ်ပြီး ပထမဆုံး နိုင်ငံတော်အုပ်ချုပ်ရေးကို သခင်နုခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်က တာဝန်ယူခဲ့ရသည်။ ၁၉၅၆-၁၉၅၇ ခုနှစ်တို့သည် ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်နှင့်ကြုံကြိုက်ရာ မြန်မာနိုင်ငံအစိုးရက ကမကထပြု၍ ဆရာတော်၊ သံဃာတော်ဩဝါဒါစရိယကြီးများ၏ လမ်းညွှန်မှုဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပြီး မြတ်ဗုဒ္ဓ၏ တရားဓမ္မခန္ဓာများ (ပိဋကတ်သုံးပုံ)ကို စာအက္ခရာ အသံဖမ်း (ခွေတ်ပြား)တို့ဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

သင်္ဂါယနာတင်သည်ဆိုခြင်းသည် ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားဓမ္မဒေသနာများကို မူလဘုရားဟောသည့်အတိုင်း၊ မပြင်မဆင်၊ မနုတ်မပယ်၊ မဖြည့်မစွက် မူရင်းအတိုင်း စာတတ်ပေတတ်ထေရ်ရှင်များက ဦးဆောင်မေးကြ၊ ဖြေကြ၊ ရွတ်ဆိုကြ၊ သင်္ဂါယနာပွဲတွင်ပါဝင်တက်ရောက်သောရာနှင့်ချီသည့် သံဃာတော်မထေရ်များက နှုတ်တက်အာဂုံ တစ်လုံးမလွဲ တိကျစွာရွတ်ဆိုနေကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်စရည်းပင်ရှိရာ လိုဏ်ဂူ၌ ပထမသင်္ဂါယနာတင်ခဲ့သည်။ သံဃာတော်အပါး ၅၀၀ ဖြင့် ခုနစ်လကြာတင်ခဲ့ရသည်။ သင်္ဂါယနာပွဲကို သာသနာ့ဒါယကာအဖြစ် အဇာတသတ်မင်းက တာဝန်ယူပြီး ရှင်မဟာကဿပမထေရ်ကြီးက အကြီးအမှူး (နာယက) အဖြစ် ဦးစီးကာ ရှင်အာနန္ဒာ၊ ရှင်သာရိပုတ္တရာ၊ ရှင်အနုရုဒ္ဓါတို့က မေးကြ၊ ဖြေကြဖြင့် ဘုရားမြတ်ဒေသနာများကို ပြန်လည်ရွတ်ဆိုကြသကဲ့သို့ ကျန်သံဃာတော် ၅၀၀ တို့က သည်၊ ၏၊ ၍ မလွဲ တိကျစွာ မှတ်သားရွတ်ဆိုကာ ဆက်လက်ဆင့်ပွား




သယ်ဆောင်ခဲ့ကြသည်။ ဘီစီ ၅၄၃ ခုနှစ် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး လေးလအကြာတွင် ပထမသင်္ဂါယနာတင်ခြင်းဖြစ်သည်။

ဘီစီ ၄၄၂ တွင် ဝေသာလီပြည် ဝါဠိကာရုံကျောင်းတိုက်၌ သုသုနာဂမင်း၏ သားတော်ကာဠာသောကမင်းက ဒါယကာပြုပြီး ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ ဗုဒ္ဓ၏ ဝိနည်းပိဋက၊ သုတ္တပိဋက၊ အဘိဓမ္မာ ပိဋက (ပိဋကတ်သုံးပုံ) မယွင်းမပျက် မူရင်းအတိုင်း ဆက်လက်တည်စေရန်ဖြစ်သည်။ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်ပြည် အသောကရုံကျောင်းတိုက်၌ သီရိဓမ္မာသောက (အသောက) မင်းက ဒါယကာပြုပြီး သံဃာအပါး ၁၀၀၀ ဖြင့် ကိုးလတိုင်တိုင် တတိယသင်္ဂါယနာတင်သည်။ အသောကမင်းက ပိဋကတ်တော်များကို မာဂဓဘာသာဖြင့် ကျောက်စာရေးထိုးခဲ့သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း ကနိဿျကမင်းလက်ထက် သာသနာသက္ကရာဇ် ၄၈၅ တွင် ကသ္မီယ (ကက်ရှ်မီးယားပြည်နယ်) ဇလန္ဓမြို့၌ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။ သင်္ဂါယနာတင်ရာ၌ ဘုရားဟောမဟုတ်သော ကျမ်းစာများကို (ဘုရားဟောအဖြစ်ထည့်သွင်းလာသဖြင့်) သီဟိုဠ် (သီရိလင်္ကာ)မှ ရဟန်းတော်များက ကန့်ကွက်ခဲ့သည်။ သာသနာသက္ကရာဇ် ၄၉၇ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ အနုရာဓမြို့၌ ဝဋ္ဋဂါမဏိမင်းက ဒါယကာပြုပြီး သံဃာ ၅၀၀ ဖြင့် စတုတ္ထသင်္ဂါယနာကို ထေရဝါဒမူအတိုင်း ထပ်မံတင်ကြသည်။

**သံဃာ ၂၄၀၀ ဖြင့် ငါးလနှင့် သုံးရက်ကြာ ပဉ္စမသင်္ဂါယနာတင်**

ခရစ်နှစ် ၁၈၅၆ ခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်၌ မင်းတုန်းမင်းကြီးက ဒါယကာပြုပြီး နန်းတွင်းမှာပင် သံဃာ ၂၄၀၀ ဖြင့် ငါးလနှင့် သုံးရက်ကြာ ပဉ္စမသင်္ဂါယနာတင်သည်။ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်တော်များကို မန္တလေးကုသိုလ်တော်ဘုရားဝင်းအတွင်း ကျောက်စာချပ်များဖြင့် ကျောက်ထပ်အက္ခရာတင်ခဲ့ရာ ကမ္ဘာတွင် စာမျက်နှာအများဆုံး ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ကမ္ပည်းတွင်ခဲ့သည်။

၁၉၅၄-၁၉၅၆ ခုနှစ်တို့တွင် လွတ်လပ်ရေးရပြီးသော မြန်မာနိုင်ငံ၌ ဖဆပလအစိုးရ (ဝန်ကြီးချုပ် သခင်နု)က သာသနာ့ဒါယကာခံကာ ကမ္ဘာအေးစေတီတော်ဝင်းအတွင်းရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။ ညောင်ရမ်းဆရာတော်ဘုရားက အကြီးအမှူး (နာယက) မဟာစည်ဆရာတော်က မေး၍ တိပိဋက ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ အရှင်ဝိစိတ္တသာရာဘိဝံသက ဖြေကြားပြီး သင်္ဂါယနာတင်ခဲ့ရာ စာရေးခြင်း၊ စာရိုက်ခြင်း၊ အသံဖမ်းခြင်း စသည့်ခေတ်နည်းပညာများရှိလာပြီဖြစ်၍ သင်္ဂါယနာတင် ပိဋကတ်တော်များကို အသံအားဖြင့် မှတ်တမ်းတင်ခဲ့နိုင်ပြီး စာပေအက္ခရာအားဖြင့်ပါ မှတ်တမ်းတင်ကာ ပိဋကတ်တော်သုံးပုံကျမ်းစာအုပ်ကြီးများ ရိုက်နှိပ်ဖြန့်ချိနိုင်ခဲ့သည်။

မှတ်မိသရွေ့၊ စဉ်းစားမိသရွေ့ လွတ်လပ်ရေးရပြီး ပထမဆုံးသော မြန်မာအစိုးရ (ဖဆပလ)လက်ထက် ဝန်ကြီးချုပ် ဦးနု ဦးဆောင်ကာ ကမ္ဘာအေးစေတီအား တည်ခဲ့ပြီး မဟာပါသာဏလိုဏ်ဂူတော်လည်း ဖြစ်မြောက်လာခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်စီမံရသော ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက် ရွှေတိဂုံ တောင်ဘက်မှ မဟာဝိဇယစေတီတော်ကြီးအား တည်ထားခဲ့သည်။ ၁၈-၉-၁၉၈၈ မှစ၍ နိုင်ငံ့တာဝန်ယူရသော တပ်မတော်အစိုးရ (နဝတ၊ နယက) လက်ထက် နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက် နေပြည်တော်တွင် ဥပ္ပါတသန္တိစေတီတော်ကြီးအား တည်ထားခဲ့သည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးကလည်း ကန့်ဘလူမြို့တွင် ရွှေစည်ကြီးစေတီ၊ နေပြည်တော်တွင် ခတ်ပေါင်းစုစေတီများတည်ခဲ့သည်။ ၂၀၁၁-၂၀၁၅ ပြည်ခိုင်ဖြိုးအစိုးရအကြီးအကဲ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က နေပြည်တော်တွင် သံဝေဇနိယလေးဌာနကို အိန္ဒိယနိုင်ငံ မဇ္ဈိမဂယာဒေသမှပုံစံတူအတိုင်း ကြီးကျယ်ခမ်းနားထည်ဝါသပ္ပာယ်စွာ တည်ခဲ့သည်။

၁-၂-၂၀၂၁ ရက်နေ့မှစ၍ အရေးပေါ်ကာလအခြေအနေအရ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတာဝန်ယူရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ထက်၊ ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင် ဦးဆောင်ဘုရားဒါယကာအဖြစ် တည်ထားသော နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားခဲ့ပေသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဉာဏ်တော်မှာ ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်းအမြင့် ၈၁ ပေရှိသည်။ မြန်မာများသာမက ကမ္ဘာကလက်ဖျားခါရလောက်အောင် ကြီးမားသောဆင်းတုတော်ကြီးဖြစ်ပေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ကျောက်မီးသွေး တူးဖော်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများ လျာထားချက် အပြည့်အဝ ထုတ်လုပ်ရေး/သယ်ယူရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဩဂုတ် ၂၁

ကျောက်မီးသွေး တူးဖော်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများ လျာထားချက် အပြည့်အဝထုတ်လုပ်ရေး/သယ်ယူရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ ကလေးဝ၊ မော်လိုက်၊ တမူးမြို့နယ်တို့တွင် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ကာလအတွင်း ထုတ်လုပ်ရမည့် လျာထားချက် ပြည့်မီစွာထုတ်လုပ်ရေးနှင့် ထုတ်လုပ်ပြီး ကျောက်မီးသွေးများအားလုံး သယ်ယူနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် အကြီးအကဲကလည်း လိုအပ်ချက်များ ပံ့ပိုးကူညီပေးရန် မှာကြားပါကြောင်းနှင့် ထုတ်လုပ်ပြီး ကျောက်မီးသွေးများကို လေလွင့်ဆုံးရှုံးမှုမဖြစ်စေဘဲ ဈေးကွက်သို့



အမြန်တင်ပို့နိုင်ရေးအတွက် ချင်းတွင်းမြစ် ရေလမ်းကြောင်း ကောင်းမွန်ချိန်အတွင်း သယ်ယူပို့ဆောင်သွားကြရန်လိုအပ်ပါကြောင်း၊ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ပြီးစီးခဲ့သည့် မြေနေရာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြီးမြန်သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက မိမိတို့ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများက မိမိတို့လုပ်ငန်းများ၏ ကျောက်မီးသွေးထုတ်လုပ်နေမှု၊ သယ်ယူရေး ဆောင်ရွက်နေမှုနှင့် သတ်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သယ်ယူမည့်အခြေအနေများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ပံ့ပိုးကူညီပေးရန် လိုအပ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကျောက်မီးသွေးတူးဖော်လုပ်ကိုင်လျက်ရှိသည့်ကုမ္ပဏီများ လျာထားချက် အပြည့်အဝထုတ်လုပ်ရေး/သယ်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြု ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ (၇)ကြိမ်မြောက် တရုတ်- တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်- တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်




# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက မင်းပြားတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များ၌ ဆောင်ရွက်ထားရှိသော ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ DYL ဝက်၊ ဆိတ်၊ ငါးခူ မွေးမြူထားရှိမှုနှင့် ရာသီ သီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲခန်းမ(ရန်ကုန်)၌ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃)မှ ဌာနမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းက ပြေစာအမှတ်တံဆိပ်၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကုမ္ပဏီအခွန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အခမ်းအနားသို့ ဟိုတယ်/ တည်းခိုခန်း၊ စားသောက်ဆိုင်၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ အရောင်းဆိုင်၊ ရွှေဆိုင်နှင့် ရုပ်သံလွှင့်မီဒီယာကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ကိုထက်



# မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

မြောက်ဦး ဩဂုတ် ၂၁

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချသော အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဩဂုတ် ၁၈ ရက်က မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပန်းကြာမိုက လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး စီမံကိန်းတွင် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက အင်ဂျင်အစိတ်အပိုင်း ပြုပြင်နည်းများ၊ မော်တော်ဆိုင်ကယ်ကိုယ်ထည် ပြုပြင်တပ်ဆင်နည်းများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းပြီးမြောက်ပါက ထူးချွန်သူ ငါးဦးအား ရွေးချယ်၍ နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော ထောက်ပံ့ပစ္စည်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်္ဂပူမြို့နယ်၌ မိုးနေကြာစိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်

အင်္ဂပူ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးနေကြာစိုက်ပျိုးရေး တောင်သူနည်းပညာသင်တန်းကို ဩဂုတ် ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့်ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်သော်မြင့်၊ သုတေသနအရာရှိ ဒေါက်တာဒေါ်နန်းပပဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် နေကြာပန်းစိုက်ပျိုးခြင်းဆိုင်ရာကိစ္စရပ်များကို ပို့ချသင်ကြားခဲ့ကြသည်။

တင်ဝင်းတင်



# ညောင်လေးပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

ညောင်လေးပင် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးကြောင်း သိရသည်။



ကျန်းမာရေး စောင့်ရှောက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးပေါင်ချိန်ပေးခြင်း၊ သွေးချို၊ ဆီးချိုစစ်ပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ဆေးထိုးပေးခြင်း၊ ဆေးဝါးများ အခမဲ့ထုတ်ပေးခြင်းများဖြင့်ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးရာ ယနေ့တစ်ရက်တည်းတွင် အငြိမ်းစားဝန်ထမ်း ၁၂၇ ဦးအား ကုသပေးနိုင်ခဲ့သည်။

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်ပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက အနီးကပ်ကြီးကြပ်ကာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

**တက်ရောက်**

ယနေ့မွန်းလွဲပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။




ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကဝမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြောပွဲကျင်းပ

**ကဝ ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ၊ ကလေးသူငယ်၏အခွင့်အရေးများ၊ ကလေးသူငယ်ကိုမွေးစားခြင်းဆိုင်ရာများ၊ အလုပ်လုပ်ကိုင်စေခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုင်ရာများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်း-၃ ဒေါ်သန္တာစန်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်းဆိုင်ရာများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်သူများက သိရှိလိုသည့်အချက်များ မေးမြန်းမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ သမဝါယမအသင်းများမှ အသင်းသားတောင်သူများ၏ မိုးစပါးနှင့် ဝါစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၁**

မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု ရန်ပုံငွေနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် ရေဝေကျေးရွာ မြာရေဝေစိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ အသင်းသားတောင်သူများစိုက်ပျိုးထားရှိသော မိုးစပါးစိုက်ခင်းများနှင့် မြို့နယ်သမဝါယမအသင်းစုရန်ပုံငွေဖြင့် လှည်းပွဲကျေးရွာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမသင်းမှ အသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများနှင့် Pilot Project ဖြင့် ဆောင်ရွက်နေသည့် ဝါစိုက်ခင်းများကို မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုရန်ပုံငွေဖြင့် မကျီးကန်၊ လှည်းပွဲ၊ ကုက္ကိုကုန်း၊ ရေဝေနှင့် အင်းကျေးရွာတို့တွင်



သမဝါယမအသင်းသားတောင်သူ ၁၇၉ ဦးက မိုးစပါး ဧက ၄၂၀ နှင့် ဝါ ၇၈ ဒသမ ၅ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့်မီးငြိမ်းသတ်ရေးနည်းစနစ်(မွမ်းမံ)သင်တန်းဖွင့်လှစ်

**ကမာရွတ် ဩဂုတ် ၂၁**

ရေပြင်ရှာဖွေ ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ် (မွမ်းမံ) သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားခြင်းကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အင်းလျားကန်၌ လက်ထောက်မီးသတ် ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ် (၂၁/၂၀၂၂) ဆင်း အရာရှိသင်တန်းသား သင်တန်းသူ ၄၂ ဦးတို့အား နည်းပြ၊ အုပ်ချုပ်သူအရာရှိ ၂၄ ဦးတို့ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



အရာရှိသင်တန်းသားသင်တန်းသူများအနေဖြင့် အင်းလျားကန်အတွင်းစက်လှေများ တစ်စီးချင်းမောင်းနှင်ခြင်း၊ နှစ်စီးရင်ပေါင်တန်း မောင်းနှင်ခြင်း၊ လေးစီးရင်ပေါင်တန်း မောင်းနှင်ခြင်း၊ ရေနစ်နေသူအား Intelligent Lifebuoy နှင့် Line Shooter အသုံးပြုကယ်ဆယ်ခြင်းနှင့် ရေပြင်အတွင်း မီးငြိမ်းသတ်ရေး နည်းစနစ်များ သရုပ်ပြလေ့ကျင့်သင်ကြားပေးကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါသင်တန်း လေ့ကျင့်သင်ကြားမှုကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက လာရောက် ကြည့်ရှုအားပေးကာ စနစ်တကျ လေ့ကျင့်သင်ကြားရေး လမ်းညွှန်မှာကြားခဲ့သည်။ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက အနီးကပ်ကြီးကြပ်ပေးလျက်ရှိပြီး လေ့ကျင့်သင်ကြားမှုကို ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



# မိုင်းနောင်မြို့၌ ယူရီးယားဓာတ်မြေသြဇာပေးအပ်ပွဲနှင့် မြေသြဇာစုပေါင်းကြဲပက်ခြင်းသရုပ်ပြပွဲ ကျင်းပ

**မိုင်းနောင် ဩဂုတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်မြို့စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ယူရီးယားဓာတ်မြေသြဇာပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျေးသီးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလှက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းက ယူရီးယားဓာတ်မြေသြဇာပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့မ၊ ဝမ်စိမ်းနှင့် ဝိန်းကောင်ကျေးရွာအုပ်စုများရှိ တောင်သူ ၇၃ ဦး၏ မိုးစပါး ၁၄၁ ဧကအတွက် ယူရီးယားဓာတမြေသြဇာ ၁၀၃ အိတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြေသြဇာ စုပေါင်းကြဲပက်ခြင်း သရုပ်ပြပွဲကို မိုင်းနောင်မြို့ ရပ်ကွက်(၁)ရှိ တောင်သူ ဦးစိုင်းခမ်းနွံနှင့် ဦးဆန်လုံတို့၏ စပါးခင်းတွင်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ မြေသြဇာကြဲပက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း

ဦးပါဒေါက်

**မည်သည့်အခြေအနေမျိုးတွင်မဆို တိုင်းပြည်က "အားကိုးရသောသူ" ထွက်ပေါ်လာကြပါသည်။ ထိုသူကား တိုင်းကျိုးပြည်ကျိုးဆောင်သူဖြစ်ပါသည်။ တိုင်းပြည်က အားကိုးရသော "လူရည်မွန်"ကို မည်သို့ မွေးထုတ်ရပါမည်နည်း။**

"အားကိုးရမည့်သူ" ပေါ်ထွက်လာရန် အရည်အချင်းငါးရပ်ပြည့်စုံရေး လမ်းညွှန်လေ့ကျင့်ပေးရပါမည်။

(၁) ပွင့်လင်းခြင်း၊
(၂) အပြီးတိုင် စူးစိုက်ဆောင်ရွက်ခြင်း၊
(၃) အမြင်ကျယ်ခြင်း၊
(၄) ဆက်ဆံရေးကောင်းခြင်းနှင့်
(၅) လုံ့လဝီရိယကြီးခြင်းတို့ဖြစ်ပါသည်။

ယင်းအင်္ဂါငါးရပ်ကို ပြည့်စုံစေရန် ဖြည့်ဆည်းလေ့ကျင့်ပေးရမည်ဖြစ်ပါသည်။ လူငယ်၏ လိုအပ်ချက်ကိုသုံးသပ်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းခြင်းဖြင့် အားကိုးအားထားပြုထိုက်သူဖြစ်လာပါမည်။

အမြင်ကျယ်ခြင်းတွင် အသိပညာ၊ အတတ်ပညာ (ယခုခေတ်အတွက် ကွန်ပျူတာပညာ....) အားလုံးပါဝင်နေမည်ဖြစ်ပါသည်။ ဤတွင် ကျွန်ုပ်တို့နိုင်ငံအတွက် လိုအပ်သော ဘာသာစကားကျွမ်းကျင်ခြင်း(ကွန်ပျူတာကိုလည်း ဘာသာစကားထဲတွင် ထည့်သွင်းထားပါသည်။) သည်လည်း ထပ်တိုးအရည်အချင်းအဖြစ် ဖြည့်စွက်လိုပါသည်။

လူငယ်အား အရည်အချင်းငါးရပ်ပေတံဖြင့် တိုင်းတာ၍ ပြင်ပမှ အကဲခတ်နိုင်ပြီး လိုအပ်သလို ဆရာ၊ မိဘ၊ အုပ်ထိန်းသူက ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ဤတွင် ဆရာ၊ မိဘကိုယ်တိုင်ကလည်း မိမိတွင် ထိုအရည်အချင်းများ မည်သို့ရှိသည်ကို လေ့လာသိရှိထားရပါမည်။ အုပ်ထိန်းသူကိုယ်တိုင်က တတ်နိုင်သမျှ ဖြည့်ဆည်းထားရပါသည်။ သို့မှသာ ဆည်းပူးလေ့ကျင့်နေသူ လူငယ်က အထင်ကြီးလေးစားမည်ဖြစ်သောကြောင့် လမ်းပြပေးရာ၌ အောင်မြင်နိုင်ပေမည်။

လမ်းပြရာ၌ လူငယ်များတွင်ရှိသော စိတ်ထားကိုလည်း လေ့လာထားရပါမည်။ လူငယ်တို့၏ စိတ်နေသဘောထားကို ဆွဲဆောင်ရာ၌ ၎င်းတို့ကိုယ်တိုင် နားလည်သဘောပေါက်မှသာ အဆင်ပြေမည်ဖြစ်သည်။ အရည်အချင်းငါးရပ်ဖြင့်ပြည့်စုံရန် ဆောင်ရွက်ရမည့်သူမှာ လူငယ်ပင်ဖြစ်ပါသည်။ လမ်းညွှန်ပြပြီး လမ်းကြောင်းပေါ် တင်ပေးရမည့်သူမှာ လူကြီးဖြစ်ပါသည်။

**လူငယ်များ၏ စိတ်နေစိတ်ထားတိုးမြှင့်ခြင်း**

လူငယ်များဆိုရာ၌ ကျွန်ုပ်တို့နိုင်ငံအတွက် စိတ်နေစိတ်ထားလေ့လာရန်နှင့် တိုးမြှင့်ရန်မှာ ဆယ်ကျော်သက်အရွယ် (၁၁ နှစ်မှ ၁၆ နှစ်) သည် အသင့်လျော်ဆုံးအရွယ်ဖြစ်ပါသည်။ အရည်အချင်းငါးရပ် (ပွင့်လင်း၊ ဇွဲ၊ သိမြင်၊ ဆက်ဆံ၊ လုံ့လ) တို့၌ မည်သို့ရှိသည်ကို တိုင်းတာခြင်းသည် စိတ်နေစိတ်ထားကို အကဲခတ်ခြင်းပင်ဖြစ်ပါသည်။ စိတ်ပညာအရ လေ့လာရခြင်းဖြစ်၏။ စိတ်သည်ရုပ်ကဲ့သို့ ပြောင်းလဲသည်ဖြစ်၍ တိုင်းတာချိန်၌သာ စိတ်မည်သို့ရှိသည်ကို သိရှိရပါသည်။ အာဟာရပြည့်စုံလျှင် ရုပ်ပြောင်းသကဲ့သို့ စိတ်အာဟာရကြောင့်လည်း စိတ်ထားပြောင်းလဲနိုင်သည်။ အရည်အချင်းငါးရပ်ဖြင့် တိုင်းတာခြင်းဖြစ်၍ တစ်ခုတွင် အားနည်းနေပါက အားပေးပြုပြင်ခြင်းဖြင့် အရည်အချင်းပြည့် အားကိုးရမည့်၊ လမ်းပေါ်လျှောက်လှမ်းနေမည့် လူငယ်ကို တွေ့ရှိနိုင်ပါသည်။ လူငယ်တို့သည် တွေးခေါ်မြော်မြင်မှု၊ သိမြင်ဗဟုသုတကြွယ်ဝမှု၊ မှားမှန်ခွဲခြားမှု၊ အကျိုးရှိ မရှိ ဆင်ခြင်တုံတရားတို့ကို အပေါင်းအသင်း၊ လမ်းပြသူဆရာ၊ မိဘနှင့် စာပေတို့မှ ရရှိကြပါသည်။

တိုင်းတာခြင်းနှင့် တိုးမြှင့်ခြင်းကို စကားပြောရင်း မေးမြန်းစုံစမ်းရပါသည်။ ဆွေးနွေးမှုများကို စာရွက်မှဖတ်ပြ၍ ဖြေဆိုသည်များကို မှတ်သားပြီး အမှတ်ပေးစစ်ဆေးခြင်းမပြုလုပ်ရပါ။ လူငယ်နှင့် စကားဝိုင်းတွင် စကားလက်ဆုံကျရင်း၊ ရင်းနှီးပြောဆိုရင်း အမှတ်မထင်မေးပြီး အဖြေကို စိတ်ဖြင့်မှတ်သား၍ စိတ်ထားကို အင်္ဂါရပ်စလုံးနှင့် စူးစမ်းတိုင်းတာရပါသည်။ အခွင့်သင့်သလို စိတ်ဓာတ်မြှင့်တင်ပေးနိုင်ပါသည်။ မဆွေးနွေးမီ ရင်းနှီးခင်မင်နေရန်လိုအပ်ပြီး ဆရာကလည်း အလေ့အကျင့်ရှိထားရန်လိုအပ်ပါသည်။

ရင်းနှီးခင်မင်စေသည့် အကြောင်းအရာများကို ဥပမာဖြင့် စတင်တင်ပြလိုပါသည်။

(က) ဒီနေ့ မောင်/မ ... ဝတ်စားထားတာ တယ်သပ်ရပ်ပါလား။ ဘယ်သူ မီးပူတိုက်ပေးလိုက်သလဲ။
(ခ) ဒီနေ့ မောင်/မ ... ကို အိမ်က မုန့်ဖိုးပေးလိုက်ရဲ့လား၊ (ဆရာ...က) လက်ဖက်ရည်တိုက်ချင်လို့ မေးတာနော်။

စကားပြောကြရင်းဖြင့် အလျဉ်းသင့်သလို အင်္ဂါငါးရပ်ကို အကဲခတ်၊ လေ့လာ၊ မြှင့်တင်ပေးနိုင်ပါသည်။

> **လူငယ်များဆိုရာ၌ ကျွန်ုပ်တို့နိုင်ငံအတွက် စိတ်နေစိတ်ထားလေ့လာရန်နှင့် တိုးမြှင့်ရန်မှာ ဆယ်ကျော်သက်အရွယ်(၁၁ နှစ်မှ ၁၆ နှစ်)သည် အသင့်လျော်ဆုံး အရွယ်ဖြစ်ပါသည်။ အရည်အချင်းငါးရပ် (ပွင့်လင်း၊ ဇွဲ၊ သိမြင်၊ ဆက်ဆံ၊ လုံ့လ)တို့၌ မည်သို့ရှိသည်ကို တိုင်းတာခြင်းသည် စိတ်နေစိတ်ထားကို အကဲခတ်ခြင်းပင်ဖြစ်ပါသည်။ စိတ်ပညာအရ လေ့လာရခြင်းဖြစ်၏။ စိတ်သည် ရုပ်ကဲ့သို့ ပြောင်းလဲသည်ဖြစ်၍ တိုင်းတာချိန်၌သာ စိတ်မည်သို့ရှိသည်ကို သိရှိရပါသည်။ အာဟာရပြည့်စုံလျှင် ရုပ်ပြောင်းသကဲ့သို့ စိတ်အာဟာရကြောင့်လည်း စိတ်ထား ပြောင်းလဲနိုင်သည်။ အရည်အချင်းငါးရပ်ဖြင့် တိုင်းတာခြင်းဖြစ်၍ တစ်ခုတွင် အားနည်းနေပါက အားပေးပြုပြင်ခြင်းဖြင့် အရည်အချင်းပြည့်အားကိုးရမည့်၊ လမ်းပေါ်လျှောက်လှမ်းနေမည့် လူငယ်ကို တွေ့ရှိနိုင်**

ပွင့်လင်းမှုအင်္ဂါရပ်အတွက်

(က) မောင်/မ ... မှာ ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိသလဲ။ ဘယ်လို ကစားကြသလဲ။
(ခ) (ဆရာ့မှာ...) အလွန်ချစ်တဲ့ ဦးလေးရှိတယ်။ ငယ်ငယ်တုန်းက အလည်လိုက်ပို့တယ်၊ ကျောင်းစာတွေလည်း ကူလုပ်ပေးတယ်၊ အဒေါ်ကတော့ လုပ်မပေးဘူး။ မောင်/မ... ဆွေမျိုးထဲမှာ သဘောကျတဲ့လူတွေက ဘယ်သူတွေလဲ။
(ဂ) ကျောင်းဝတ်စုံ ဝတ်ထားတာချင်းတူပေမယ့် ဘယ်ကျောင်းသား ကျောင်းသူဝတ်ထားတာ အသပ်ရပ်ဆုံးလဲ။

(အထက်ပါမေးခွန်းများကဲ့သို့ မေးမြန်းပြောဆိုနေရင်း ပွင့်လင်းမှုကို အကဲခတ်နိုင်ပါသည်။ မဖြေဆိုသော မေးခွန်းမျိုးတွေ့ရလျှင် ဆက်လက်မမေးမြန်းဘဲ စကားလမ်းကြောင်းပြောင်းပါ။ ဖုံးကွယ်ထားအပ်သော၊ ပွင့်လင်းရန်မလိုသော မေးခွန်းများ မမေးမိစေရန် သတိထားရပါသည်။)

အပြီးတိုင်စူးစိုက်ခြင်း(ဇွဲရှိခြင်း)အတွက် ဥပမာမေးခွန်းများကို ဆွေးနွေးပါမည်။

(က) စာမေးပွဲမှာ ဘယ်ဘာသာရပ်ဖြေရတာ အကောင်းဆုံးလဲ။
(ခ) အချိန်မလောက်တဲ့ စာမေးပွဲတွေ တွေ့ခဲ့ရဖူးသလား။
(ဂ) အချိန်ဇယားထားပြီး စာကြည့်သလား။
(ဃ) စာကြည့်တာများသွားလို့ အိပ်ရာဝင်ချိန် နောက်ကျသွားဖူးသလား။
(င) ပုံပြောခြင်းဖြင့် ဆွဲဆောင်နိုင်ပါသည်။

စူးစိုက်လုပ်ဆောင်ခြင်းသည် အာရုံမပြားစိတ်တည်ငြိမ်သော အလေ့အကျင့်ရ၏။ ယင်းတွင်လည်း ကြိုးစားခြင်း၊ ထိန်းသိမ်းနိုင်သော ကိုယ်ကျင့်တရားရှိခြင်း၊ တာဝန်ယူခြင်း၊ သပ်ရပ်ခြင်း စသောအလေ့အထကောင်းများပါဝင်နေ၏။ အားကစားချန်ပီယံအားလုံး စူးစိုက်အားကောင်းကြကြောင်း မြင်သာပါသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ နယ်ချဲ့အင်္ဂလိပ်ဆီက လွတ်လပ်ရေးရဖို့ရာ ဂျပန်ပြည်ကို လူငယ်သုံးဆယ်စုပြီး စစ်ပညာ သုံးနှစ်သင်ရတယ်။ အစားအသောက်ကလည်း တစ်နေ့ကို နို့ဆီဘူးတစ်ဝက်နဲ့ ပဲနည်းနည်းပဲရတယ်။ စစ်သင်တန်းဆိုတော့ စစ်ရေးပြ၊ လက်နက်ငယ်သင်တန်း၊ စစ်တိုက်သင်တန်း ... အများကြီးဆိုတော့ အလွန်ပင်ပန်းပေမယ့် စစ်ပညာတတ်မှ လွတ်လပ်ရေးရမယ်ဆိုတာသိကြပြီး ခက်ခက်ခဲခဲ လေ့ကျင့်ကြရတယ်။ မောင်/ မ... တို့ကော နှစ်ရှည်လများ ရပ်ဝေးသွားပြီး အပင်ပန်းခံ၊ ပန်းတိုင်ရောက်အောင်ကြိုးစားချင်ရဲ့လားဟူ၍ အားပေးအားမြှောက်ပြုရပါမည်။

သို့သော် သတိပြုရမည်မှာ "ကျောင်းသားမောင်ဖြူက ဇွဲကောင်းကောင်းနဲ့ ကြိုးစားတာတွေ့တယ်မဟုတ်လား။ မင်းကဘာလို့ ပျင်းနေရတာလဲ၊ သူလိုလုပ်မှဖြစ်မယ်ဆိုတာ မသိဘူးလား" ဆိုတာမျိုးကို လုံးဝရှောင်ရှားရပါမည်။ လူငယ်ကို နှိမ့်ချပြီး ဆွဲဆောင်ရန် မဖြစ်နိုင်ပါ။ အသိအမြင်ကဏ္ဍကား ကျယ်ဝန်းလှပါသည်။ လူငယ်အရွယ်နှင့် သိသင့်သိထိုက်သည်များ သိထားခြင်းရှိ၊ မရှိ စကားပြောခြင်းဖြင့် စုံစမ်းရင်း လူငယ်၏ဗဟုသုတနှင့်စိတ်ထား တိုးမြှင့်ခြင်းကို လေ့လာညွှန်ပြသွားနိုင်ပါသည်။ သိရှိနေရန် အနည်းဆုံးလိုအပ်သော ဗဟုသုတများကိုလည်း လမ်းကြောင်းပေးနိုင်ပါသည်။

အလယ်တန်း ကျောင်းသားအရွယ်များအတွက် အဆိုပြုလိုသော အကဲဖြတ်မေးခွန်းများကို ဆွေးနွေးပါမည်။

(က) မောင်/မ... မူလတန်းတုန်းက ဂဏန်းသင်္ချာသင်ရတယ်မဟုတ်လား။
  (၁) အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား အားလုံး တွက်တတ်သလား။
  (၂) ပြန်ပြီးလေ့ကျင့်ကြည့်ရအောင်၊
  ၁၉ + ၁၃  ၂၄ – ၁၈  ၁၃ x ၄  ၁၅ ÷ ၃
  မောင်/မ ... အလွန်တော်ပါပေတယ်။
(ခ) မောင်/မ ... ဒီနှစ် ဘယ်ဘာသာရပ်တွေ သင်ရသလဲ၊ ပြောပြပါလား။
(ဂ) ရှမ်းတိုင်းရင်းသား၊ ပဒေါင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသား ...တွေက ဘယ်တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ နေကြသလဲ။ ... တိုင်းရင်းသားတွေက ဧရာဝတီတိုင်းဒေသကြီးမှာကော နေကြသလား။
(ဃ) ကန်စွန်းခင်း၊ ချဉ်ပေါင်ခင်း၊ ငှက်ပျောခြံ၊ ပိန္နဲပင်၊ သရက်ပင် ... မြင်ဖူးသလား။
(မေးမြန်းဖြေဆိုမှု ကောင်းမွန်နေစဉ် အသိအမြင် အသုံးချမှုတစ်ခုကို ထည့်သွင်းပေးပါ။)
(င) မာလကာပင်တစ်ပင်၊ သဘော်ပင်တစ်ပင်၊ သရက်ပင်တစ်ပင်...က အသီး ဘယ်လောက်သီးနိုင်သလဲ။
(စ) တို့မြို့အနီးအနားမှာ ဘယ်လိုသီးနှံမျိုးစိုက်ကြသလဲ။
(ဆ) တို့မြို့က လားရှိုးမြို့၊ ကလေးမြို့ကို ကားနဲ့သွားရင် ဘယ်မြို့တွေကို ဖြတ်သွားရမလဲ။
(ဇ) သမိုင်းဘာသာရပ်မှာ ဘယ်ဘုရင်တွေအကြောင်းသင်ကြားရသလဲ။ ဘယ်ဘုရင်ကို ဘာဖြစ်လို့သဘောကျ/ မကျသလဲ။
(ဈ) မြန်မာနိုင်ငံရယ်၊ အင်္ဂလန်နိုင်ငံရယ်၊ ဂျာမနီနိုင်ငံရယ် ဘယ်နိုင်ငံက ပိုပြီးကျယ်ဝန်းသလဲ။
(ည) တို့မြို့မှာ ရပ်ကွက်ဘယ်နှခုရှိသလဲ။ လူဦးရေကော ဘယ်လောက်ရှိနိုင်မယ်လို့ မှန်းဆသလဲ။
(ဖြေဆိုရန် မလွယ်ကူလျှင် ဆရာက လမ်းပြဦးဆောင်၍ အသိဉာဏ်ချဲ့ပေးပါ။)
အသိဉာဏ်ကျယ်ခြင်း၌ အကင်းပါးခြင်း၊ ဆင်ခြင်နိုင်ခြင်းတို့ကိုလည်း ထည့်သွင်းထားပါသည်။
(ဋ) မုန့်ဖိုးငွေတစ်သောင်းရရင် အကုန်ထီထိုးမလား၊ ဂဏန်းတွက်စက်ဝယ်မလား။
လူစိမ်းတစ်ယောက်က
"(ဌ) ဒီဖျော်ရည်က ရင်အေးတယ်၊ သောက်ကြည့်ပါလား။
(ဍ) တစ်ထောင်တန်တစ်ရွက်ပေးပြီး ဒီအထုပ်လေးသယ်ပေးပါလား"ဆိုရင် ဘာလုပ်မလဲ။
(နီးစပ်ရင် ဆရာ၊ မိဘကို ချက်ချင်းချဉ်းကပ်ရန် ဆွေးနွေးပေးရပါသည်။)

**ဆက်ဆံရေးကဏ္ဍကို ချဉ်းကပ်ခြင်း**

လူငယ်တို့သည် တစ်ဦးချင်းစီ စိတ်နေစိတ်ထား၊ အနေအထိုင်၊ အပေါင်းအသင်း ရှိကြသည်ဖြစ်၏။ တစ်ဦးတည်း အေးအေးဆေးဆေးနေသူ၊ အပေါင်းအသင်းနည်းသူ၊ များသူ ဖြစ်နိုင်ကြပါသည်။ မည်သည်ကမျှ မှားသည်ဟု မဆိုနိုင်ပါ။ သို့သော် လောကကြီးကိုတိုးဝင်ရာ၌ အထိုက်အလျောက် မိတ်ဆွေအပေါင်းအသင်းကောင်း လိုအပ်မည်ဖြစ်၏။

(အထိုက်အလျောက်အပေါင်းအသင်းဝင်ဆံ့ရန်၊ မိတ်ဆွေကောင်းရရှိရေး တိုက်တွန်းရပါသည်။)

မေးခွန်းများကို လေ့လာကြည့်ကြပါစို့-

(၁) မောင်/မ ... အတန်းထဲမှာ အမြဲတွဲတဲ့ အပေါင်းအသင်းက ဘယ်သူလဲ။
(၂) အတန်းထဲမှာ မောင်/မ ... နဲ့ စကားပြောဖူးတဲ့ ကျောင်းသား ဘယ်နှယောက်၊ ကျောင်းသူ ဘယ်နှယောက်ရှိသလဲ။
(၃) တစ်ကျောင်းလုံးမှာ မောင်/မ... နဲ့ ခင်မင်ရင်းနှီးသိကျွမ်းတဲ့ ကျောင်းသား ဘယ်နှယောက်ရှိသလဲ။
(၄) ယုံကြည်အားကိုးရတဲ့ သူငယ်ချင်းရှိသလား။
(၅) တစ်ဦးတစ်ယောက် အကူအညီလိုအပ်နေတာတွေ့လို့ ကူညီခဲ့ဖူးသလား၊ ဘာပြောခဲ့မိသလဲ။
(၆) သူငယ်ချင်းတွေက မောင်/မ ... ကို ချစ်ခင်ကြရဲ့လား။

**စာမျက်နှာ ၁၁ သို့** ✪

# ပေါင်မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ် ဖွင့်လှစ်

မော်လမြိုင် ဩဂုတ် ၂၁

ပေါင်မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်မြို့နယ်အတွင်း လူမှုကရုဏာလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုဝေးရာ ပေါင်မြို့နယ်ကြက်ခြေနီအသင်းခွဲရုံးကြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံ့အကျိုးပြုလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသားရေးဝိသေသ ထူးခြားချက်များနှင့် ဆီလျော်ညီညွတ်သည့် ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် လူသားချင်းစာနာ ထောက်ထား၍ လူမျိုးခွဲခြားမှုမရှိဘဲ လူမှုကရုဏာလုပ်ငန်းများအား ဆတက်ထမ်းပိုးထမ်းဆောင်ပေးစေလိုကြောင်း၊ ကြက်ခြေနီအသင်းအဖွဲ့အနေဖြင့် လူမှုကရုဏာလုပ်ငန်းများတွင် အရန်အင်အားတစ်ရပ်အနေဖြင့် အစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ကြက်ခြေနီအသင်းခွဲရုံး တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပေါင်မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကြက်ခြေနီအသင်းခွဲရုံး ဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

ကသာ ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူးရုံးက ကြီးကြပ်ဆောင်ရွက်သော မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ကသာမြို့နယ် မြို့မအုပ်စု ပြည်သာယာကွင်းရှိ တောင်သူဦးထွန်းမြင့်၏ လယ်မြေတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ကသာခရိုင်ဦးစီးမှူး ဦးမြင့်စိုးက မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများအား ဆွေးနွေးရှင်းလင်းခဲ့သည်။ ဆက်လက်၍ သဘာဝမြေဩဇာ စူပါဘိုကာရှီ ပြုလုပ်အသုံးချနည်းအား ခရိုင်မြေအသုံးချတာဝန်ခံ ဦးအေးဝင်းက လည်းကောင်း၊ မျိုးစပါးဆားရေစိမ်နည်းအား ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်နော်ဂရေ့စ်က လည်းကောင်း၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ငယ်ထွေးစုဟန်က လည်းကောင်း လက်တွေ့ရှင်းလင်းပြသခဲ့သည်။

ကသာခရိုင်အနေဖြင့် မိုးစပါး ၁၇၃၆၀၈ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ဧက ၁၃၅၀၀၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေရာများကိုလည်း လျာထားချက်ပြည့်မီရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးမြသက်ထား**



# လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ကိုးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၁၀ မှ

(၇) မောင်/မ ... သူငယ်ချင်းတွေထဲမှာ မောင်/မ ... ကို မလိုလားတဲ့လူ၊ မချစ်ခင်တဲ့လူ ရှိသလား၊ ပြေလည်ခင်မင်သွားအောင် ဘယ်လိုလုပ်မလဲ။
(လွယ်ပါတယ်... အလိုက်သင့် အကောင်း ပြောလိုက်ပါ)

(၈) မောင်/မ ... နဲ့ စကားပြောနေတဲ့လူ စကားမပြီးခင် ဝင်ဖြတ်ပြီး ပြောမိတတ်သလား။

(၉) ဆရာစာသင်နေတုန်း(ဒါမှမဟုတ်) ဟောပြောပွဲတစ်ခုကို စူးစိုက်နားထောင်နေတုန်း နားမထောင်ဘဲ စကားပြောနေသူ တွေ့ဖူးသလား။
(လူဆိုတာ ဗလငါးတန် ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ ဘောဂဗလနဲ့ မိတ္တဗလ ပြည့်စုံအောင် ကြိုးစားကြရတယ်)

(၁၀) ကျောင်းသားအားလုံးက မောင်/မ ... ကို ယုံကြည်ကိုးစားပြီး ခင်မင်ကြလို့ ကျောင်းသားခေါင်းဆောင်အဖြစ် တင်မြှောက်ကြမယ်ဆိုရင် လက်ခံနိုင်မလား။

(၁၁) စကားပြောပွဲတစ်ခုမှာ မောင်/မ... ဦးဆောင်ပြီး စကားပြောရမယ်ဆိုရင် ဘယ်လိုအချက်အလက်မျိုးကို ထည့်သွင်းပြောမလဲ ....
(လမ်းစညွှန်ပြရန် လိုနိုင်သည်)

(မေးခွန်းများသည် ပုံစံပြုမေးခွန်းများသာဖြစ်ပါသည်။ အားလုံးမေးရန်မဟုတ်ဘဲ ပို၍သင့်မြတ်သော မေးခွန်းများ ပေါ်ပေါက်လာပါက မေးပါ)

**လုံ့လကြီးခြင်းကဏ္ဍကို ဆွေးနွေးပါမည်**

ကြိုတင်စီမံခြင်း၊ အောင်မြင်ပြီးစီးရန် လမ်းကြောင်းကို ကြံဆထားခြင်းသည် လုံ့လဖြစ်၏။ လုပ်ငန်းမစတင်မီ စီမံဆောင်ရွက်ခြင်းသည် လုံ့လဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည်နှင့် အပြီးတိုင် စူးစိုက်(ဇွဲ) ဆောင်ရွက်ခြင်းအပိုင်းသို့ ရောက်၏။ လုံ့လနှင့် ဇွဲ ဆင်တူသယောင်ရှိပါသည်။ (အင်္ဂါငါးရပ်အားလုံးသည် တစ်ခုနှင့်တစ်ခု ပံ့ပိုးနေကြသည်ပင်ဖြစ်ပါသည်) လုံ့လသည် ဉာဏ်ဦးဆောင်သော ဝီရိယရှိခြင်း အဓိပ္ပာယ်ဆောင်ပြီး စွမ်းပကားကြီးခြင်း၊ စွမ်းအင်ကြီးခြင်း၊ အလုပ်ပြီးစီးအောင်တွက်ဆဆောင်ရွက်ခြင်းတို့လည်း ပါဝင်သည်။

မေးမြန်းကြည့်ရန် ဥပမာမေးခွန်းများကို တင်ပြလိုပါသည်။

(၁) အိမ်စာပေးလိုက်တဲ့ သင်ခန်းစာတွေကို ကျောင်းဆင်းပြီး
(က) အိမ်ရောက်ရောက်ခြင်း လုပ်မလား။
(ခ) စားသောက်နားပြီး ညမအိပ်မီ ပြီးစီးအောင် လုပ်မလား။
(ဂ) နောက်တစ်နေ့မနက် ကျောင်းမသွားမီ လုပ်မလား။
(ကျောင်းဆင်း အားကစားပြီး မအိပ်မီ လုပ်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟုဆိုပါသည်။ နံနက်ကျောင်းမသွားမီလုပ်ဆောင်ခြင်းကား အချိန်ကပ်နေ၍ ကြိုတင်ပြီးစီးနေခြင်းကို ပို၍အလေးထားကြသည်။ အိမ်ပြန်ရောက်လျှင် ရောက်ချင်း လေ့ကျင့်ခြင်းသည် အားချိန်၊ နားချိန်၊ ကစားချိန်နည်းခြင်းကြောင့် အကြောင်းထူးမရှိလျှင် ညဦးပိုင်းစာကြည့်ချိန်ပေးသင့်သည်။)

(၂) ကျောင်းနောက်ကျဖူးသလား။ နောက်မကျအောင် ဘယ်လိုကြိုးစားခဲ့သလဲ။

(၃) ပေးထားတဲ့ သင်ခန်းစာ၊ အိမ်စာမပြီးစီးဘဲ အတန်းထဲဝင်ခဲ့ဖူးသလား။ ဘယ်လိုပြေလည်အောင်လုပ်မယ်လို့ စဉ်းစားမိသလဲ။

(၄) အတန်းကြီးတွေအတွက် ဆယ်တန်း၊ ဆယ့်တစ်တန်း၊ ဆယ့်နှစ်တန်း ထုတ်ဝေထားတဲ့ အထူးထုတ်မေးခွန်းနဲ့ အဖြေစုံစာအုပ်တွေ တွေ့ဖူးသလား။

(၅) သတင်းစာထဲမှာပါတဲ့ ကျောင်းသားများအတွက် အချပ်ပိုတွေ လေ့လာဖူးသလား။
(စီစဉ်ပေးရမည်ဖြစ်သည်)

(၆) ကျောင်းစာအပြင် ဘာစာအုပ်တွေ ဖတ်ဖူးသလဲ။

ဤသည်တို့ကို သုတေသီများက "ဆွေးနွေးလမ်းညွှန်ခြင်း"ဟု အမည်ပေးပြီး ဆောင်ရွက်ပြီးသောရလဒ်များကို စာရင်းဇယားဖြင့် မှတ်သားလေ့လာ၍ ကောက်ချက်ချရန် အချိန်လိုအပ်၏။ အချိန်ကြာညောင်းသော သုတေသနဖြစ်သော်လည်း တန်ဖိုးကြီး၏။

အင်္ဂါငါးရပ်အတွက် မေးခွန်းများသည် စကားဝိုင်းတွင်း မေးခွန်းများဖြစ်၍ မေးမြန်းသူပုဂ္ဂိုလ်က စကားဦးတည့်ရာ ပြောဆိုကြရင်း၊ သွန်သင်ရင်း၊ ညွှန်ပြရင်း အကဲဖြတ်သွားရပါသည်။

မည်သည့်လူငယ်မဆို လူ့ဘဝတိုးဝင်ရာတွင် ရည်ရွယ်ထားသော ရည်မှန်းချက် အကောင်အထည်ဖော်နိုင်သူအားလုံးမဟုတ်ကြပါ။ ဘဝမှာ ဆရာတွန်းပို့သော အသက်မွေးဝမ်းကျောင်းနေရာ၌ ထွန်းကားရပ်တည်နိုင်ရန် ကြိုးစားကြရပါသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂါငါးရပ်ပိုင်ဆိုင်လျှင် လမ်းလွဲလမ်းမှားမလိုက်ဘဲ တိုင်းပြည်က အားကိုးအားထားပြုနိုင်သူသာ ပေါ်ထွက်လာပေမည်။ ကျောင်းအုပ်ဆရာကြီးတစ်ဦးပြောသော "လောကကို အလှဆင်နိုင်သူ"သာ ပေါ်ထွက်လာပေမည်။

ထိုသူများပေါ်ထွက်လာရန် လူငယ်များကို လမ်းညွှန်ပြပေးရန် နိုင်ငံကြီးများတွင် သုတေသနပြု၍ စာတမ်းမြောက်မြားစွာ ထွက်ပေါ်နေပါသည်။ မည်သည့်စာတမ်းကမျှ သေချာပေါက်ဟု မညွှန်ပြနိုင်ပါ။ လူငယ်ဆိုသည် "ကောင်းအောင်ကျိုး၍ ကောင်းကျိုး ကိုယ်၌တည်စေမင်း" ဆိုသကဲ့သို့ ကိုယ်တိုင်ကြိုးစားကြရပါမည်။

**နိဂုံး**

ဤသို့ အင်္ဂါငါးရပ်ကို လေ့လာခြင်းအားဖြင့် လူငယ်များအား မည်သို့မြှင့်တင်ရမည်ကို သဘောပေါက်နိုင်၏။

ခေါင်းဆောင်ကောင်းဖြစ်ရန်ကား လေ့ကျင့်ပေးရန်မဖြစ်နိုင်ပါ။ ဦးဆောင်ဦးရွက်ပြုနိုင်သူ၏ အရည်အချင်းမှာ သတ္တိဗျတ္တိရှိခြင်းပင်ဖြစ်ပါသည်။ စွန့်လွှတ်စွန့်စားရဲခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ အောင်မြင်မှုပန်းတိုင်ရောက်အောင် ပရိယာယ်ကြွယ်ခြင်း၊ "သတိတမာန်၊ ဉာဏ်မြေကတုတ်၊ ပညာစွန်းချွန်းကဲ့သို့ အုပ်" ဆိုသကဲ့သို့ အချိန်အခါသိခြင်းနှင့် စီမံအုပ်ချုပ်မှုကျွမ်းခြင်းတို့ဖြင့် ကိုယ့်ထူးကိုယ်ချွန်ရသော လမ်းကြောင်းဖြစ်ပေသည်။

ဤဆောင်းပါး၏ရသမှာ လူငယ်အားစိတ်ခွန်အင်အား တိုးမြှင့်ပေးခြင်းဖြင့် အားကိုးအားထားပြုရမည့် လူရည်မွန်များ ပေါ်ထွက်လာရန်ဖြစ်ပါသည်။ အရည်အချင်းငါးရပ်စလုံး ပြောင်မြောက်စေရန်ကား မဖြစ်နိုင်ပါ။ အားနည်းသော ကဏ္ဍကိုသာ ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။

တိုင်းတာဆွေးနွေးသည့် ပေတံအားလုံးသို့မဟုတ် မေးခွန်းအားလုံးတွင် အားရဖွယ် အဖြေမရလျှင်လည်း မည်သည့်မှတ်ချက်မျှ မပေးမိရန် အထူးသတိပြုစေလိုပါသည်။ ရုပ်သည်အာဟာရအပေါ် မူတည်ပြောင်းလဲသကဲ့သို့ စိတ်သည်လည်း စိတ်အာဟာရအပေါ် မူတည်ပြောင်းလဲကြောင်း ဆိုခဲ့ပြီ။

ဥပမာပြထားသောမေးခွန်းများမှာ အတိအကျလိုက်နာရန်မဟုတ်ပါ။ သင့်လျော်သလို "မီးစင်ကြည့်က" ကြရပါမည်။

ဆွေးနွေးမှု၊ ညွှန်ပြမှုတို့သည် လူငယ်များအား စိတ်အာဟာရအကျိုးပြုပါစေသတည်း။

"သင့်ရာအပ်ပို့"ရန် တာဝန်သည် လူကြီးတိုင်း၌ ရှိပါသည်။ ။

# မန္တလေးမြို့၌ အမျိုးသားတံခွန်စိုက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး ဩဂုတ် ၂၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသားတံခွန်စိုက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် (3x3) U-20 ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံတိုင်းက အားကစားကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှေ့ရှုလုပ်ဆောင်လာကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဘက်စုံထောင့်စုံမှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း ပြောကြားပြီးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများ ပေးအပ်၍ အားကစားအသင်းအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

မန္တလေးမြို့ ဗထူးမိုးလုံလေလုံခန်းမ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဘတ်စကက်ဘောပြိုင်ပွဲများ၌ မြန်မာတစ်နိုင်ငံလုံးမှ ပြိုင်ပွဲဝင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီး အလွတ်အတန်း (5x5)ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၄ သင်းနှင့် အသက် ၂၀အောက် အမျိုးသား အမျိုးသမီး(3x3)(U-20) ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၅၅ သင်းတို့က ဩဂုတ် ၂၉ ရက်အထိ အသင်းအလိုက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၁၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# မိုးညှင်းမြို့၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ် ပြင်ဆင်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

မိုးညှင်း ဩဂုတ် ၂၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်ပြင်ဆင်ရေးဆိုင်ရာသင်တန်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက ၎င်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ကျေးလက်နေပြည်သူများ ကိုယ်တိုင်ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ် အလိုက်စီမံချက်များ ရေးဆွဲဖော်ထုတ်နိုင်စေရန်နှင့် ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ ၎င်းသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး အဆိုပါ သင်တန်းအား ဟဲလုံ၊ ကန်တော်ကုန်း၊ အာဠဝီ၊ မြသီတာ၊ စုစည်းအောင် မြေ၊ ကုန်းမနေ၊ နန့်မီးလောင်နှင့် ဟွေလုံ စသည့်ကျေးရွာ ရှစ်ရွာမှ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကမ္ဘာသုံးအချက်ကျောစနစ်ဆိုင်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု ကိုယ်ပိုင်စံညွှန်းအချက်အကျောကတ်များ ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ကမ္ဘာသုံး အချက်ကျောစနစ် (World Handicap System) ဆိုင်ရာ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် အသိအမှတ်ပြု Handicap Index Cards (ကိုယ်ပိုင်စံညွှန်း အချက်အကျောကတ်များ) ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ (၉)မိုင် ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တာဝန်ရှိသူများ၊ Handicap Index Card ထုတ်ယူမည့် မြန်မာဂေါက်သီးရိုက်အသင်း (ရန်ကုန်)နှင့် Myanmar Genuine Golfers အသင်း (နေပြည်တော်) မှ အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် World Handicap System ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာဂေါက်သီးရိုက်အသင်း Captain ဒေါက်တာချိုထွန်း ကိုလည်းကောင်း၊ World Handicap System ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်းက Myanmar Genuine Golfers အသင်းတို့ကို လည်းကောင်း Handicap Index Cards များ ထုတ်ပေးသည်။ ထို့နောက် မြန်မာဂေါက်သီးရိုက် အသင်း Captain ဒေါက်တာချိုထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ကမ္ဘာသုံး အချက်ကျောစနစ် (WHS)ကို ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်း၌ ကျင့်သုံးခဲ့ကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်အနေဖြင့်လည်း ကမ္ဘာသုံး အချက်ကျောစနစ် ဖြစ်မြောက်ရေးဆပ်ကော်မတီ ဖွဲ့စည်းကာ မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး၊ ပြည်တွင်းရှိဂေါက်ကွင်းများ Course Rating၊ Slope Rating ကို စနစ်တကျ တိုင်းတာ သတ်မှတ်နိုင်ရေးအတွက် စိတ်ပါဝင်စားသော ဂေါက်ကွင်းများ၊ ဂေါက်အသင်းအဖွဲ့များနှင့် လက်တွဲ၍ အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

အလားတူပင် ရန်ကုန်မြို့ရှိ Myanmar Golf Club (MGC)နှင့် နေပြည်တော်ရှိ Myanmar Genuine Golfers အသင်းတို့သည် အဖွဲ့ချုပ်နှင့် ချိတ်ဆက်ပူးပေါင်း၍ ကမ္ဘာသုံး အချက်ကျောစနစ် ကျင့်သုံးနိုင်ရန် တစ်နှစ်ခန့်မျှ စနစ်တကျ ကြိုးစားဆောင်ရွက်ခဲ့ရာ မြန်မာ့ဂေါက်သီးအားကစား သမိုင်းတွင် World Handicap System ကို ပထမဆုံး ကျင့်သုံးနိုင်သည့် ဂေါက်ကလပ်နှင့် ဂေါက်သီးအသင်း အဖွဲ့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MGF**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# မြောက်ကိုရီးယားရေတပ်ဆိုင်ရာ မဟာဗျူဟာမြောက်ခရုဇ်ဒုံးကျည်စမ်းသပ်မှု ကင်ဂျုံအမ် ကြည့်ရှုစစ်ဆေး

ပြုံယမ်း ဩဂုတ် ၂၁

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအမ်က နိုင်ငံ၏ရေတပ်ဆိုင်ရာ မဟာဗျူဟာမြောက် ခရုဇ်ဒုံးကျည် စမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာဖြစ်သော Rodong Sinmun က ဩဂုတ် ၂၁ ရက်တွင် သတင်းဖော်ပြခဲ့သည်။

အရှေ့ပင်လယ်ရေယာဉ်စု၏ အဆိုပါ ရေတပ်ဆိုင်ရာ မဟာဗျူဟာမြောက်ခရုဇ် ဒုံးကျည် စမ်းသပ်မှုကို မည်သည့်အချိန် တွင်ပြုလုပ်ခဲ့သည်ဆိုသည်နှင့် စပ်လျဉ်း၍ အာဏာရအလုပ်သမားပါတီ သတင်းစာ Rodong Sinmun က ဖော်ပြခဲ့ခြင်းမရှိပေ။

မြောက်ကိုရီးယားနိုင်ငံက မဟာဗျူဟာမြောက်ခရုဇ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို အကြိမ်ကြိမ်ပြုလုပ်ရန် ရည်ရွယ်ထားကြောင်းနှင့် အဆိုပါဒုံးကျည်များအား ကီလိုမီတာ ၁၅၀၀ မှ ၂၀၀၀ အတွင်း နည်းဗျူဟာမြောက် နျူကလီးယား ထိပ်ဖူးများကို သယ်ဆောင်နိုင်ရန် ဒီဇိုင်း ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဒုံးခွင်းဒုံးများသည် မြင့်မား တိကျပြီး ကြားဖြတ်ဟန့်တားရန် ခက်ခဲသည်ဟုယူဆရပြီး လမ်းကြောင်းများတွင် အချိန်ကြာခြင်းကြောင့်လည်း ကြားဖြတ်ဟန့်တားရန် ခက်ခဲခြင်းဖြစ်ကြောင်း သိရသည်။ အာဏာရအလုပ်သမားပါတီ သတင်းစာ Rodong Sinmun ၏ သတင်း ဖော်ပြချက်သည် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်မှုတစ်ရပ်ဖြစ်သည်ဟု လေ့လာသူများက ယုံကြည်ထားသည်။ ထို့ပြင် ကင်ဂျုံအမ်သည် ဩဂုတ် ၂၈ ရက်တွင် ကျရောက်မည့် မြောက်ကိုရီးယားရေတပ် နှစ်လည်မတိုင်မီ စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်းလည်း လေ့လာသူများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊
ဘာသာပြန်-အလင်းသစ်





## Meta Platforms က Threads

## အက်ပလီကေးရှင်း ဗားရှင်းသစ် လွှင့်တင်မည်

ဝါရှင်တန် ဩဂုတ် ၂၁

Meta Platforms က ၎င်း၏မိုက်ခရိုဘလော့ဂင်အက်ပ် Threads ၏ဝက်ဘ်ဆိုက်ဗားရှင်းသစ်ကို လာမည့်သီတင်းပတ်အစောပိုင်း တွင် လွှင့်တင်ရန်စီစဉ်နေကြောင်းWall Street Journal က ပြောကြားသည်။

### မှတ်တိုင်သစ်စိုက်ထူ

Threads အက်ပလီကေးရှင်းက စတင်ထုတ်လုပ်ပြီး ငါးရက် အကြာတွင် သုံးစွဲသူ သန်း ၁၀၀ ကျော်ရှိခဲ့ပြီး အခြားအင်တာနက် ပလက်ဖောင်းတစ်ခုဖြစ်သည့် ChatGPT အား ကျော်လွှားကာ မှတ်တိုင် သစ်စိုက်ထူနိုင်ခဲ့သည်။

၎င်းအက်ပလီကေးရှင်းကို ကျော်ကြားသူများနှင့် သတင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများက သုံးစွဲခဲ့ကြောင်း သိရသည်။ ၎င်းအက်ပလီ ကေးရှင်းအား သုံးစွဲရေးအတွက် ဆွဲဆောင်သည့် အစီအစဉ်များကို အများအပြားမဆောင်ရွက်ခဲ့သော်လည်း သုံးစွဲသူများ တိုးတက်များပြား ခဲ့ကြောင်း ဇူကာဘတ်က ပြောကြားသည်။

Threads အက်ပလီကေးရှင်းသည် ChatGpt အက်ပလီကေးရှင်း ထက်ပင် သုံးစွဲသူများပြားကြောင်း လေ့လာချက်အရသိရသည်။ Threads အက်ပလီကေးရှင်းကို လက်ရှိတွင် နိုင်ငံ ၁၀၀ ကျော်တွင် သုံးစွဲနေသည်။

ကိုးကား-စီဂျီတီအင်န်
ဘာသာပြန်-စိုးသူရ

# ဗီယက်နမ်နိုင်ငံ၌ စက်မှုလုပ်ငန်းအထောက်အကူပြု မူဝါဒများချမှတ်မည်

ဟနွိုင်း ဩဂုတ် ၂၁

ဗီယက်နမ်နိုင်ငံ၌ အထည်ချုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းနှင့် ကားထုတ်လုပ်ရေးလုပ်ငန်း စသည့် စက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်မည့် မူဝါဒများကို ချမှတ်မည်ဖြစ်ကြောင်း ဒေသန္တရမီဒီယာက ပြောကြားသည်။

### ပြောကြား

၎င်းစက်မှုလုပ်ငန်းများအတွက် ထုတ်လုပ်ရေးကဏ္ဍတွင် ပြိုင်ဆိုင်မှုအားကောင်းလာစေရေး ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတကာလုပ်ငန်းများအား ပြိုင်ဆိုင်နိုင်ရန် အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့် နည်းပညာဆိုင်ရာ အက်ပလီကေးရှင်းများတိုးတက်ရေး၊ တီထွင်ဆန်းသစ်မှုများကို အားပေးကူညီရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက မှတ်ချက်ပြုသည်။ ယခုမူဝါဒတွင် စက်ပစ္စည်း အစိတ်အပိုင်းထုတ်လုပ်သည့် လုပ်ငန်း ၅၀၀၀ ခန့် အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အထောက်အကူပြုစက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရန် အစိုးရအား မူဝါဒများချမှတ်ရာတွင် ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန စက်မှုလုပ်ငန်းဌာန လက်ထောက်ညွှန်ကြားရေးမှူး Pham Tuan Anh က ပြောကြားခဲ့သည်။

ဗီယက်နမ်၏ စက်မှုကဏ္ဍအချို့တွင် ပြည်တွင်းဝယ်ယူမှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းအတွက် ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း၊ လျှပ်စစ်ပစ္စည်း ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း၊ ဖိနပ်လုပ်ငန်းတွင် ၃၀ ရာခိုင်နှုန်း၊ အထည်ချုပ်လုပ်ငန်းတွင် ၃၀ ရာခိုင်နှုန်းနှင့် နည်းပညာမြင့်စက်မှုလုပ်ငန်း များအတွက် ၁ မှ ၂ ရာခိုင်နှုန်းအထိ အသီးသီး ရှိခဲ့ကြောင်း၊ Vietnam Association for Supporting Industries ၏ အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားလာရောက်မှု ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ အရေအတွက်နီးပါးရှိ

တိုကျို ဩဂုတ် ၂၁

ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားလာရောက်မှုသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီက လာရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွားအရေ အတွက်နီးပါးရှိကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားလာရောက်မှုသည် နှစ်လ ဆက်တိုက် တစ်လလျှင် နှစ်သန်းကျော်ရှိကြောင်းနှင့် ဂျပန်နိုင်ငံ အမျိုး သားခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ ပြောကြားချက်အရ ပြီးခဲ့သည့်လ အတွင်းက နိုင်ငံခြားသား ခရီးသွား ၂ ဒသမ ၃ သန်းခန့်လာရောက်ခဲ့ ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားများအနက် တောင်ကိုရီးယားနိုင်ငံသည် ၆၂၀၀၀၀ ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက် တွင် ထိုင်ဝမ်နှင့် ဟောင်ကောင်တို့က အများဆုံးလာရောက်ကြောင်း သိရသည်။ တရုတ်နိုင်ငံမှ နိုင်ငံခြားသားခရီးသွားများကို ယခုလအစော



ပိုင်းတွင် ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများ ဖြေလျှော့ပေး ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားခရီးသွား ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်းလည်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# နိုင်ဂျာနိုင်ငံ၌ သုံးနှစ်အတွင်း နိုင်ငံတော်တာဝန်လွှဲပြောင်းနိုင်ရေးဆောင်ရွက်မည်ဟု အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီအကြီးအကဲ ပြောကြား



နီးယာမေ ဩဂုတ် ၂၁

နိုင်ဂျာနိုင်ငံ၌ သုံးနှစ်အတွင်း နိုင်ငံတော်တာဝန် လွှဲပြောင်းနိုင်ရေး ဆောင်ရွက်မည်ဟု အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီအကြီးအကဲ ဗိုလ်ချုပ်ကြီး Abdourahmane Tchiani က ဩဂုတ် ၁၉ ရက်တွင် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း အမျိုးသားအဆင့် ဆွေးနွေးပွဲများကို ရက် ၃၀ အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။ မိမိတို့၏ရည်မှန်းချက်သည် ရေရှည်အာဏာရယူထားရန် မဟုတ်သော်လည်း ပြည်ပနိုင်ငံများမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်မှုများ ရှိလာပါက နိုင်ငံတော်ကာကွယ်ရေးအတွက် တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ပြီး လာရောက်ကျူးကျော်သည့် နိုင်ငံများအတွက်လည်း ဆိုးရွားသည့်အကျိုးဆက်များ ရရှိစေမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။

နိုင်ဂျာအပေါ်ချမှတ်ထားသည့် အရှေ့ ယူပိတ်ဆို့မှုများသည် တရားမျှတမှုမရှိဘဲ လူမဆန်သည့် ဒဏ်ခတ်အရေးယူမှုများ သာဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။

နိုင်ငံသား ထောင်ပေါင်းများစွာက နိုင်ဂျာနိုင်ငံမြို့တော် နီးယာမေ၌ ဩဂုတ် ၁၉ ရက်တွင် စုစည်းခဲ့ကြပြီး အရန်တပ်ဖွဲ့ ဝင်များအဖြစ် စာရင်းပေးသွင်း၍ နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်ကို ကူညီရန်အတွက် ဆောင်ရွက်ခဲ့ကြသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မာလီနှင့် ဘာကီနာဖာဆိုနိုင်ငံများကလည်း နိုင်ဂျာသို့ စစ်လေယာဉ်များစေလွှတ်ခဲ့ပြီး နိုင်ဂျာနိုင်ငံနှင့်အတူတကွရပ်တည်မည် ဖြစ်ကြောင်း ပြသခဲ့သည်။

လူငယ်အများစုပါဝင်သည့် နိုင်ငံသား အုပ်စုများသည် နိုင်ဂျာတပ်မတော်အား ထောက်ခံကြောင်းနှင့်အနောက်အာဖရိက နိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်းနှင့် ကိုလိုနီနယ်ချဲ့ပြင်သစ်နိုင်ငံအား ရှုံ့ချကြောင်း ကြွေးကြော်ခဲ့ကြသည်။

ကိုးကား- Pledge Times၊ euro news
ဘာသာပြန်-စိုးသူရ

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၁

မန္တလေး တိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၅၂ လမ်းနှင့် ၁၁၁ စီ လမ်းထောင့်ရှိ ဇော်မိုးလွင်(ခ) လာရှုတ်ဆန်ငှာ၏နေအိမ်ကိုသတင်းအရရှာဖွေရာ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ၁၂၀ ဂရမ်နှင့် တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းနှစ်တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ပိုင်ရှင်အောင်သူအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၉)ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ သတင်းကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ၇၆ လမ်းနှင့် ၂၇ အေ လမ်းထောင့်ရှိ နန္ဒကို(ခ) နန္ဒ၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်း၊ ဘိန်းဖြူ၂၇၀ ဂရမ်နှင့်လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ၃၉၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်းနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက် ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေး အကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအရ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။





အောင်သူ၊ နန္ဒကို(ခ)နန္ဒနှင့် ဇော်မိုးလွင်(ခ) လာရှုတ်ဆန်ငှာ တို့အားသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ချောင်းသာ၌ ဝေလငါးမျိုးစိတ်ဝင် ငါးကြီးတစ်ကောင်သောင်တင်လျက်တွေ့ရှိ

ချောင်းသာ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ချောင်းသာကမ်းခြေတွင် ယမန်နေ့ ညနေ ၅ နာရီက ဝေလငါးမျိုးစိတ်ဝင် ငါးကြီးတစ်ကောင် သောင်တင်လျက်တွေ့ရှိခဲ့ပြီး ပင်လယ်ပြင်သို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြို့ငါးလုပ်ငန်းဦးစီးဌာန မြို့ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် ကမ်းခြေတစ်လျှောက် ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေစဉ် ချောင်းသာကမ်းခြေ သီရိဟိုတယ်ရှေ့ကမ်းခြေတွင် တွေ့ရှိရခြင်းဖြစ်ပြီး အလျား ၁၀ ဒသမ ၇ ပေ၊ လုံးပတ်ငါးပေ ၊ ရေယက်အကျယ် သုံးပေခန့်ရှိသော ဝေလငါးမျိုးစိတ်ဝင် ငါးကြီးတစ်ကောင် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝေလငါးမျိုးစိတ်ငါးကြီးကို မြို့ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစီး၍ ချောင်းသာမြို့အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပင်လယ်ပြင်သို့ ပြန်လည်ဘေးမဲ့လွှတ်ပေးခဲ့ကြောင်းသိရသည်။



ကျော်ကျော်(ပြန်/ဆက်)

**✻ ကျောဖုံးမှ**

မြန်မာအသင်းသည် နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားသဖြင့် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မိနစ် ၃၀ မှ ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ထောင့်ကန်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် နောင်နောင်စိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးများဆက်တိုက်ရရှိခဲ့သည်။ ၄၆ မိနစ်တွင် စွမ်းထက်နှင့် ၅၃ မိနစ်တွင် မိုးဆွေတို့က မြန်မာအသင်းအတွက် ဂိုးများ ဆက်တိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၆၆ မိနစ်တွင် မြန်မာအသင်း စတုတ္ထဂိုးရခဲ့ပြီး ချစ်အေးက သွင်းယူခဲ့ပြီး မိနစ် ၇၀ တွင် ဘရူနိုင်းအသင်းက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

အုပ်စု(က)ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲစလုံးအနိုင်ရကာ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနှင့် မြန်မာအသင်းသည် ရမှတ်လေးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဒီးယားအသင်းက အုပ်စုဒုတိယရခဲ့ပြီး မြန်မာအသင်းသည် တတိယနေရာတွင် ရပ်တည်ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MFF

**❂ အယ်လ်ကာရက်ဇ်မှ**

အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ အယ်လ်ကာရက်ဇ်ဟာ ပြီးခဲ့တဲ့လက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲမှာ ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့သူလည်းဖြစ်ပါတယ်။

**ကမ္ဘာ့အဆင့်(၂)နေရာမှာ ရပ်တည်**

အယ်လ်ကာရက်ဇ်ဟာ ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ပေမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံကာကွယ်မှုအတွက် ကမ္ဘာ့နံပါတ်တစ်နေရာမှာ ဆက်ရှိနေမှာဖြစ်တယ်လို့သိရပါတယ်။ ဂျိုကိုဗစ်ကတော့ လက်ရှိအချိန်မှာ ကမ္ဘာ့အဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ဇွန်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တာကြောင့် ဂရန်းဆလမ်းဆုဖလားကို ၂၃ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ အယ်လ်ကာရက်ဇ်ကို အနိုင်ရရှိခဲ့တာကြောင့် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ချန်ပီယံဖြစ်ခဲ့တဲ့ အသက်အကြီးဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

ငွေကြယ်

**ရေချိုးတာရေး နည်းလမ်းများ**

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၃ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ခန္ဓသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ အနုပညာအသိုက်အမြုံရွှေညာမြေကရုပ်စုံ
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၃၀ ပုလုံကြွယ်ဝအင်းငါးကဏ္ဍတွဲလက်ညီလုပ်သားစုဘဝ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့ အချစ်နိဂုံး'** (အပိုင်း-၄၂)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာပျက်နာဖုံး'** (အပိုင်း-၃၃)
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၂)
၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၃၅ အရေးပါသည့်အိုင်အိုဒင်း
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာပျက်နာဖုံး'** (အပိုင်း-၃၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၃)
၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'** (အပိုင်း-၁၉)

**mitv**

07:01 Evergreen Classic : Myitta (Kyawt Kay Khaing)
07:08 Myanmar's Bamboo Hat
07:21 Myanma Toddy Palm, A Source of Rural Income
07:25 Those Who Never Give Up (Ep-6) In Pursuit of a dream
08:01 News
08:27 Jade Pagoda: Weirawsana
08:45 Inlay Traditional Lotus Fabric
09:01 Talk & Discussion: All about Weight Loss
09:43 Myanmar Orchestra (Thachinkhant)
09:48 Gold from Garbage
10:01 News
10:27 Unique Art of Stucco Work (New Version)
10:44 Listening Pleasure, Instrumental Music (Myanmar Harp) Thida Yadana

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ(ထုတ္တန့်သိမ်ပုထိုးတော်ကြီးနှင့်ခေါက်ဆွဲကဘားကြော်)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်ရိုးရာစကောထမင်း
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း
**ပအိုဝ်း ကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ထူးဆန်းဖွယ်ရာဓလေ့ရိုးရာ(စပါးလိပ်ပြာခေါ်ပွဲအကြောင်း)
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပင်စိမ်းမျှစ်သုပ်
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ
**ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)**
သင်မယ်ရေးမယ်တို့ချင်းစာ (အပိုင်း-၃၄)
**ချင်း (ချို) (၂၂:၀၀ မှ ၂၃:၀၀)**
လေးကြိုးပြုလုပ်ခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ECONOMIC REVIEW (Part-46)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ ဆာဖာရီဥယျာဉ်နေပြည်တော်သို့ အလည်တစ်ခေါက်
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ Save Our Planet Program (Part-22)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငရအဆုံးကုန်းတစ်ဝက်'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၅)

**MRTV FARMERS' HV**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ တူယှဉ်လက်တွဲရှေ့သို့လှမ်းချီတောင်သူ အခြေပြုသုတေသနစခန်းဆီ(ပြင်ဦးလွင်မြို့)
၀၆:၃၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ လုပ်တောသားနှင့်ယောက္ခမလောင်း(အပိုင်း-၂)
၁၉:၀၀ A Visit to Wambugu Apples Farmer in Kilimambogo
၂၂:၀၀ တောင့်ထားနော်(အပိုင်း-၁)(ဇာတ်လမ်း)
၂၃:၀၀ Karl And Tina: Embracing Village Life in Japan : NHK World Prime

**MRTV SPORTS HV**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း

Education Channel ကို နေ့စဉ်တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လွိုင်လင်မြို့၌ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ အသိပညာပေးဟောပြောပွဲကျင်းပ



လွိုင်လင် သြဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထက(၁)ကျောင်းခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူး၍ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေရွှေလွင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမော်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများအကြောင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းမြတ်ရည်ဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်ရေးရာဆိုင်ရာများ အသိပညာပေးဟောပြောခြင်းကို လည်းကောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးဖြူကကလေးအလုပ်သမားဆိုင်ရာများကိုလည်းကောင်း၊ လွိုင်ခမ်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နန်းသန်းသန်းညွန့်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

မော်လမြိုင် သြဂုတ် ၂၁

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မွန်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း စာရေးဆရာမကြီး ဒေါ်ပန်းနွယ်က ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားကာ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူများက ပြိုင်ပွဲဝင်မည့် ခေါင်းစဉ်များကိုမဲနှိုက်၍ ကျရာခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ ချေးငွေရယူနိုင်မည့် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် သြဂုတ် ၂၁

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်(MSF)ကကြီးမှူး၍ ပင်လယ်ကူးသင်္ဘောသားများ ချေးငွေရယူနိုင်မည့် ရှင်းလင်းပွဲကို သြဂုတ် ၁၈ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်(MSF)၌ကျင်းပရာ ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က အာမခံပစ္စည်းထားရန်မလိုအပ်ဘဲ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူနိုင်မည့်အစီအစဉ်ကို ရိုးမဘဏ်မှ ရှင်းလင်းဆွေးနွေးမည်ဖြစ်ရာ သင်္ဘောသားများနှင့် မိသားစုဝင်များက မိမိတို့ရရှိမည့်လုပ်ခလစာနှင့် တွက်ဆပြီးချင့်ချိန်၍ ချေးငွေရယူပြီး ပြန်လည်ပေးဆပ်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရိုးမဘဏ်မှမန်နေဂျာ ဦးကျော်ကျော်မြင့်က သင်္ဘောသားများနှင့် မိသားစုဝင်များအတွက် နေ့စဉ်လိုအပ်ချက် ကိုယ်ရေးကိုယ်တာနှင့် အသေးသုံးငွေကြေးလိုအပ်ချက်ရှိပါက အာမခံပစ္စည်းထားရန်မလိုအပ်ဘဲ ငွေကျပ် ၁၅ သိန်းမှ ငွေကျပ်သိန်း ၁၀၀ အထိ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူနိုင်မည်ဖြစ်ကြောင်း၊ သင်္ဘောသား အလုပ်အကိုင်ရှာဖွေရေးနှင့် ခန့်အပ်ရေးဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် မိမိတို့၏ အလုပ်ရှင်မှရရှိမည့်လစာကို ရိုးမဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိပြီးထုတ်ယူပါက ချေးငွေရယူနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

# မြန်အောင်မြို့နယ်၌ မိုးစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး တောင်သူများအား မြေသြဇာပေးအပ်ပွဲ ကျင်းပ

မြန်အောင် သြဂုတ် ၂၁

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးဧက ၁၀၀ တွင် တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်သည့် တောင်သူများအား မြေသြဇာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က တိုင်းဒေသကြီးအစိုးရထောက်ပံ့သော မိုးစပါးဧက ၁၀၀၊ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်သည့် တောင်သူများအား မြေသြဇာ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူ ၂၉ ဦး၏ ဧက ၁၀၀ အတွက် ယူရီးယားဓာတ်မြေသြဇာအိတ် ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၃၃၁၅ |
| 95 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၃၉၅ | ၂၄၉၅ | ၂၅၁၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၈၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၁၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၅၀ | ၂၇၈၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၅ | ၂၅၄၅ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၅၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၅ | ၂၅၄၅ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၅၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၁ | ၂၂၁၇ |
| 95 Ron | ၂၂၄၉ | ၂၃၂၇ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (10 ppm) | ၂၄၁၈ | ၂၄၉၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# သံဖြူဇရပ်မြို့နယ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

သံဖြူဇရပ် သြဂုတ် ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပြေစာများအပေါ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း၏ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသော ဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရုပ်သံလွှင့်မီဒီယာ၊ ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း စသည့် လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုအား ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပျက်ကွက်မှုအား တိုင်ကြားခြင်းတို့နှင့် စပ်လျဉ်းသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်တို့က သိလိုသည်များကို မေးမြန်းရာ မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုံပြင်

# ဦးထုပ်နီကလေး

ငွေတာရီ

(၈-၅-၂၀၂၃ ရက်နေ့မှအဆက်)

သူသည် မျက်လုံးအုပ်အောင် ဦးထုပ်ဆောင်းကာ ခုတင်ပေါ်တွင် လဲလျောင်းနေသောသဏ္ဌာန်တစ်ခုကို တွေ့ရလေသည်။ သူ့စိတ်ထဲတွင် အဘွားနှင့်မတူပါတကားဟု အောက်မေ့မိလေ၏။ သို့ဖြင့် သူက "ဘွားဘွား၏နားများသည် ကြီးလှချေတကား"ဟု မေးမိလေသည်။ ထိုအခါ ဝံပုလွေက "သင်ပြောသောစကားများကို ပိုမို၍ကြားနိုင်ရန် ငါ၏နားရွက်များကြီးရပေသည်" ဟုပြန်ပြောလေသည်။ တစ်ဖန် မိန်းကလေးက "ဘွားဘွား၏ မျက်လုံးများလည်း ကြီးမားလှချေသည်"ဟုဆိုပြန်၏။ ဝံပုလွေက "သင့်အား ပိုမိုမြင်နိုင်ရန်ဖြစ်သည်"ဟုဆို၏။ မိန်းကလေးကထပ်၍ "ဘွားဘွား၏လက်များလည်း ခါတိုင်းထက် ကြီးယောင်တကား"ဟု ဆိုပြန်၏။

ဝံပုလွေက "သင့်အား ပိုမိုကိုင်တွယ်နိုင်ရန်ဖြစ်သည်"ဟု ဆိုပြန်၏။ ထို့နောက် မိန်းကလေးက "ဘွားဘွား၏ပါးစပ်သည် ကြောက်မက်ဖွယ်ကောင်းအောင် အဘယ်ကြောင့်ကြီးနေရသနည်း"ဟု မေးလေသည်။ ဤတွင် ဝံပုလွေက "သင့်အား ကိုက်စားရန်ဖြစ်သည်"ဟုဆိုကာ မိန်းကလေးအား ထ၍ဖမ်းလေ၏။ နောက် မျိုချကာ အိပ်ရာပေါ်၌ ပြန်လည်လဲလျောင်းနေပြန်၏။

ဝံပုလွေသည် ဝမ်းဝနေပြီဖြစ်ရကား မကြာမီပင် အိပ်မောကျသွားလေတော့သည်။ အိပ်မောကျသည်နှင့်အမျှ ပြင်းထန်စွာ ဟောက်သံလည်း ပေါ်ထွက်လာလေတော့၏။ ထိုခဏ၌ မုဆိုးတစ်ယောက်သည် အိမ်အနီးမှဖြတ်သွားလေသည်။ သူသည် အဘွားအို၏ဟောက်သံမှာ ကျယ်လွန်းလှသည်ဟု သင်္ကာမကင်းဖြစ်ရကား အိမ်တွင်းသို့ ဝင်ကြည့်လေ၏။ ထိုအခါ သူသည် အိပ်ပျော်နေသောဝံပုလွေကို မြင်လျှင် သေနတ်နှင့်ပစ်ရန် ချိန်ရွယ်လိုက်လေသည်။ သို့သော် ဝံပုလွေသည် အဘွားအိုကို မျိုထားပေလိမ့်မည်ဟု တွေးမိရကား မပစ်ဘဲနေလေတော့၏။ သူသည် အဘွားအို အသက်ရှင်လိုရှင်ငြား စမ်းသပ်လိုရကား ဝံပုလွေ၏ဝမ်းဗိုက်ကို ခွဲ၍ကြည့်လေ၏။ သူထင်သည့်အတိုင်းပင် အဘွားအိုသည် အသက်မသေသေးချေ။ အဘွားနှင့်အတူ မိန်းကလေးကိုလည်း တွေ့ရလေသည်။ မိန်းကလေးသည် ထွက်ပေါက်ရသည်နှင့် တစ်ပြိုင်နက် ခုန်ထွက်လာလေသည်။ အဘွားမှာမူ အသက်မသေသေးသော်လည်း အသက်မှန်မှန်မရှူနိုင်ဖြစ်နေရှာသည်။

ဦးထုပ်နီကလေးသည် အိမ်အနီးတွင်ရှိသော ကျောက်တုံးများကို သယ်ယူလာကာ ဝံပုလွေ၏ဝမ်းဗိုက်တွင်းသို့ သွင်းလေ၏။ ပြီးလျှင် ပြန်ချုပ်ထားလိုက်လေ၏။ ဝံပုလွေသည် အိပ်ရာမှနိုးလာသောအခါ ခုန်ထရန် အားယူလိုက်လေ၏။ သို့ရာတွင် ကျောက်တုံးများသည် လေးလွန်းရကား လဲကျကာ သေဆုံးသွားလေတော့၏။ ထိုအခါမှ မုဆိုးသည် ဝံပုလွေ၏အရေကို ခွာယူကာ ထွက်သွားလေ၏။ မိန်းကလေးကမူ သူသည် မိခင်တားမြစ်သည့်စကားကို နားမထောင်သဖြင့်သာ ထိုသို့ဖြစ်ရလေသည်။ နောင်အခါများတွင် မိခင်မှာသည့်အတိုင်းသာ ပြုလုပ်တော့ပါမည်ဟု ဆုံးဖြတ်မိလေ၏။

ကာလအတန်ကြာသော် ဦးထုပ်နီကလေးသည် အဘွားဖြစ်သူထံ မုန့်သွားပို့ရပြန်လေ၏။ ထိုအခါ၌လည်း အခြားဝံပုလွေတစ်ကောင်နှင့် တွေ့ရပြန်လေသည်။ ထိုဝံပုလွေသည်လည်း သူ့အား သွားရမည့်လမ်းမှဖယ်၍ တောတွင်း၌ လှည့်လည်ရန် သွေးဆောင်သေးသည်။ သို့ရာတွင် မိန်းကလေးသည် တစ်ခါကြုံဖူးသဖြင့် နားလည်သွားပြီဖြစ်လေရာ ဝံပုလွေသွေးဆောင်ရာသို့ မပါတော့ချေ။ သူသည် အဘွားအိမ်ရှိရာသို့သာ အလျင်အမြန်သွားလေသည်။ ရောက်သောအခါ အဘွားအား လမ်းတွင် ဝံပုလွေနှင့် တွေ့ခဲ့ရသည့်အကြောင်းကို ပြန်ပြောလေ၏။

ထိုအခါ အဘွားသည် ဝံပုလွေ အိမ်တွင်းသို့မဝင်နိုင်စေခြင်းငှာ တံခါးကို ခိုင်လုံစွာပိတ်ထားလိုက်လေ၏။ သို့ပိတ်ပြီး၍ မကြာမီပင် ညင်သာသော တံခါးခေါက်သံကို ကြားရလေ၏။ ထိုခေါက်သံဆုံးလျှင် "အဘွား တံခါးဖွင့်ပါလော့၊ ကျွန်ုပ်သည် ဦးထုပ်နီလေးဖြစ်၍ အဘွားထံစားစရာများလာပို့ခြင်းဖြစ်ပါသည်" ဟူသောအသံကိုပါ ကြားရလေသည်။ မြေးအဘွားနှစ်ယောက်တို့ကား စကားလည်း ပြန်မပြော၊ တံခါးလည်း မဖွင့်ပေးချေ။

ထိုအခါ ဝံပုလွေသည် ကြိမ်ဖန်များစွာ အိမ်ကိုလှည့်ပတ်၍ ဝင်ပေါက်ရှာလေသည်။ မတွေ့သောအခါ ခေါင်မိုးပေါ်သို့တက်၍နေလေတော့သည်။ သူ့အကြံကား ညနေစောင်း၍ မိန်းကလေး အိမ်ပြန်လျှင် နောက်မှ အသာလိုက်ကာ လမ်း၌ ကိုက်စားရန်ဖြစ်လေသည်။ သို့ရာတွင် အဘွားဖြစ်သူသည် မြေးကို စိတ်မချသည်တစ်ကြောင်း၊ ဝံပုလွေကို မသင်္ကာသည်တစ်ကြောင်းတို့ကြောင့် ဤသို့ပြုလေ၏။ သူ၏အိမ်ရှေ့တွင် ရေသွားသော ကျောက်မြောင်းကြီးရှိလေသည်။ သူသည် မိန်းကလေးအား ရေပုံးကိုယူစေ၍ ဤသို့ပြောလေသည်။

"ငါ့မြေး၊ သင်သည် အိမ်နောက်ဖေးသို့ သွားပါလေ၊ မနေ့က ငါဝက်အူချောင်းများ ပြုတ်ထားသည့်ရေများရှိသည်။ ၎င်းတို့ကိုခပ်၍ အိမ်ရှေ့မှ ရေမြောင်းထဲသို့ လောင်းပါလေ"

မိန်းကလေးလည်း အဘွားခိုင်းသည့်အတိုင်း ပြုလုပ်လေ၏။ မြောင်းကြီးထဲတွင် ရေများပြည့်သော် ဝက်အူချောင်းအနံ့တို့သည် အထက်သို့ တက်လေ၏။ ထိုအခါ ခေါင်မိုးပေါ်တွင်ရှိနေသောဝံပုလွေသည် ထိုအနံ့ကြောင့် ချေဆတ်ခြင်းပြုမိလေ၏။ ထို့ပြင် မည်သည့်အကြောင်းကြောင့် ထိုသို့ဖြစ်ရလေသနည်းဟု သိလိုရကား အမိုးအစွန်သို့လာကာ အောက်သို့ချောင်း၍ ငုံ့ကြည့်လေ၏။ ငုံ့ကြည့်ရာတွင် လည်တံကို ဆန့်သည်ထက်ဆန့်၍ ကြည့်သည်ရှိသော် အားလွန်ကာ ခြေချော်၍ကျလာတော့၏။ ဝံပုလွေသည် ဝက်အူချောင်းပြုတ်ရေများဖြင့် ပြည့်လျှံသည့်မြောင်းထဲသို့ တည့်မတ်စွာကျလေသဖြင့် နစ်မြုပ်ကာ သေဆုံးလေတော့၏။

ထိုအခါမှ ဦးထုပ်နီကလေးလည်း ပျော်ရွှင်စွာ အိမ်သို့ပြန်ရလေတော့၏။ ထိုအပြန်ခရီးတွင်ကား သူသည် တစ်စုံတစ်ရာ အနှောင့်အယှက်ဟူ၍ မတွေ့ရဘဲ ရှိနေလေတော့သတည်း။ ။

**ကာလအတန်ကြာသော် ဦးထုပ်နီကလေးသည် အဘွားဖြစ်သူထံ မုန့်သွားပို့ရပြန်လေ၏။ ထိုအခါ၌လည်း အခြားဝံပုလွေတစ်ကောင်နှင့် တွေ့ရပြန်လေသည်။ ထိုဝံပုလွေသည်လည်း သူ့အား သွားရမည့်လမ်းမှဖယ်၍ တောတွင်း၌ လှည့်လည်ရန် သွေးဆောင်သေးသည်။ သို့ရာတွင် မိန်းကလေးသည် တစ်ခါကြုံဖူးသဖြင့် နားလည်သွားပြီဖြစ်လေရာ ဝံပုလွေသွေးဆောင်ရာသို့ မပါတော့ချေ။ သူသည် အဘွားအိမ်ရှိရာသို့သာ အလျင်အမြန်သွားလေသည်။ ရောက်သောအခါ အဘွားအား လမ်းတွင် ဝံပုလွေနှင့် တွေ့ခဲ့ရသည့်အကြောင်းကို ပြန်ပြောလေ၏**

**ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

(၈-၅-၂၀၂၃ ရက်နေ့မှအဆက်)



## ရယ်စရာ ပြုံးစရာ
## နိုင်ငံတကာ ဖြစ်ရပ်ဆန်းဟာသများ

**မာတင်ဖဲ**



"ငါ အစားအစာအသစ်ဖြစ်တဲ့ လတ်လတ်ဆတ်ဆတ် ငါးကိုပဲ ကြိုးစား စားနေခဲ့တယ်ကွ။ တစ်လလုံးလုံးပေါ့ကွာ။ ငါ ဘာမှကို မစားဘူး။ လတ်လတ်ဆတ်ဆတ် ငါးကိုပဲ စားနေခဲ့တယ်လေ"

"မင်းရဲ့ ကိုယ်အလေးအကြိမ်ကော လျော့သွားရောလား"

"ဟင့်အင်း… ဒါပေမဲ့ ခုဆို ငါဟာ နှာခေါင်းပေါ်မှာ ဘော လုံးတစ်လုံးကို တင်လို့ ထိန်းသိမ်းတတ်နေပြီး (ပင်လယ်)ဖျံ တစ်ကောင်လို အော်နိုင်နေပြီလေကွာ"

**အမေ** = မင်း ဘာရှာနေတာလဲ သားရဲ့။
**လူဝီ** = သား ဒေါ်လာတစ်ပြား ရှာနေတာပါ။
**အမေ** = မင်းဟာက ဘယ်မှာ ပျောက်သွားတာလဲ။
**လူဝီ** = ဟာ…ကျွန်တော် ဘာတစ်ခုမှ မပျောက်ပါဘူး။ အင်း… နောက်တစ်ခု ကျွန်တော် လိုချင်နေတာပါ။



ခတ်လေ့ကား မောင်းတဲ့သူက လူငယ်ကောင်လေးကို ပြောလိုက်တယ်။ "ကောင်းပြီလေကွာ၊ အိုကေပဲ၊ အပြင်ထွက် ပေတော့ သားရေ့"

ကောင်လေးက ပြန်မေးလိုက်တယ်။ "ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို သားလို့ ခေါ်ရတာလဲဗျ"

ထိုလူက ပြန်ဖြေလိုက်တယ်။ "ဒီလိုလေကွာ မင်းကို ငါက အမြင့်ကို တင်ပေးခဲ့တယ်လေ မဟုတ်ဘူးလားလို့"



(ဆက်လက်ဖော်ပြပါမည်)

လူမှု ၁၀

## ပြောင်းလဲမှုအတွက် ပြင်ဆင်ပါ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

လူငယ်မန်နေဂျာတွေဟာ အနာဂတ်အမြင်တစ်ခုကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုရမှာဖြစ်ပါတယ်။ ပြီးတော့ သင့်အနေနဲ့ အဖွဲ့အစည်းရဲ့ အောင်မြင်မှုကို ပါဝင်ဆောင်ရွက်ရာမှာ သူတို့ရဲ့ အခန်းကဏ္ဍကို လေးစားတန်ဖိုးထားကြောင်း ပြသခြင်းဖြင့် သူတို့ကို ကူညီရမှာဖြစ်ပါတယ်။ ဒါဟာ အထူးသဖြင့် အပြောင်းအလဲကာလအတွင်း အထူးအရေးကြီးလှပါတယ်။

လူငယ်မန်နေဂျာတွေဟာ ရှေ့ကိုလျှောက်လှမ်းဖို့ လမ်းကြောင်းသစ်ကို အဓိပ္ပာယ်ဖော်ဆောင်ခြင်းဖြင့် ပြောင်းလဲမှုရဲ့ အကျိုးဖြစ်ထွန်းမှုတွေကို မိမိဝန်ထမ်းတွေ သိရှိသွားအောင် အားပေးပါ။ အဲဒါကို မိမိတစ်ဦးတည်းမလုပ်သင့်ပါဘူး။ အကောင်းဆုံးကတော့ ပြောင်းလဲမှုဟာ အဖွဲ့အစည်းတွေကို ဘာကြောင့် တိုးတက်မြင့်မားစေမလဲဆိုတာ မိမိတို့ရဲ့ စီမံခန့်ခွဲရေးအဖွဲ့က မိမိတို့ကို အရင်သိထားစေမှာဖြစ်ပြီး လမ်းညွှန်ပြောဆိုစရာအချက်တွေကို ပေးထားမှာဖြစ်ပါတယ်။ အဲဒီအချက်တွေကို မိမိဝန်ထမ်းတွေဆီ ထပ်ဆင့်ပြောဆိုရှင်းပြသင့်ပါတယ်။ အဲဒါကြောင့် အထက်ကချမှတ်တဲ့ဥပဒေတွေကို ပျံ့နှံ့စေခြင်းနဲ့ မိမိတို့ကိုယ်တိုင် စိတ်အားထက်သန်မှု အမှတ်တံဆိပ်နဲ့ အဲဒါတွေကို အတည်ပြုပေးခြင်းဖြင့် ကုမ္ပဏီ၊ အဖွဲ့အစည်းအပြောင်းအလဲဖြစ်မှုအတွက် ရပ်တည်ကာကွယ်ပေးသူဖြစ်လာနိုင်ပါတယ်။

လူငယ်မန်နေဂျာတွေဟာ ဝန်ထမ်းတွေရဲ့ အမြင်ဘက်မှာ ပြောင်းလဲမှုရဲ့ အားသာချက်တွေကို သိရှိသတ်မှတ်ဖော်ထုတ်ရမှာပါ။ သူတို့ကိုယ်တိုင်ရဲ့ စိတ်ဝင်စားမှုဟာ ရေရှည်နဲ့ ရေတို အမြင်ရှုထောင့် နှစ်ခုစလုံးမှာ ဘယ်ဟာက အကျိုးအမြတ်ရရှိလဲဆိုတာ သတ်မှတ်ဖော်ပြရမှာဖြစ်ပါတယ်။ သာဓကပြရရင် ရုံးနှစ်ရုံးကို တစ်ရုံးတည်းအဖြစ် ပေါင်းစည်းလိုက်ရင် သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဘော့စ်တွေရဲ့ ပိုမိုကောင်းမွန်တဲ့ ဆက်သွယ်ရေးရရှိလိမ့်မယ်ဆိုတာ သင့်အနေနဲ့ လုပ်သားတွေကို နှိုးဆော်အသိပေးနိုင်ပါတယ်။ ပြီးတော့ နည်းပညာ ပိုမိုကောင်းမွန်မှုကို ဖော်ဆောင်ရပါမယ်။ ဒီအချက်က သူတို့ရဲ့ အလုပ်တွေကို ပိုမိုလွယ်ကူစေပါတယ်။ ပြီးတော့ ကုမ္ပဏီအတွက် ကုန်ကျစရိတ်သက်သာခြင်းက အလုပ်လုံခြုံအာမခံမှုကို တိုးတက်နိုင်မယ်ဆိုတာ ဝန်ထမ်းတွေကို နှိုးဆော်အသိပေးနိုင်ပါတယ်။

လူငယ်မန်နေဂျာတွေဟာ ကြွေးကြော်သံဆောင်ပုဒ်တွေ အသုံးပြုတာကို သတိထားရပါမယ်။ "ပြောင်းလဲမှုဟာ ဒီဝန်းကျင်မှာ အမြဲရှိနေတယ်" သို့မဟုတ် "ပြောင်းလဲမှုမပြုလုပ်ရင် ပျက်စီးသွားလိမ့်မယ်" စတဲ့ ရိုးအီနေတဲ့ အသုံးအနှုန်းတွေကို ရှောင်ရှားရပါမယ်။ ဖန်တစ်ရာတေနေတဲ့ စကားလုံးတွေကို ဝန်ထမ်းတွေအတွက် သုံးမယ့်အစား သူတို့ရဲ့ မေးခွန်းတွေနဲ့ သက်ဆိုင်ရာကိစ္စတွေကို ကြိုတင်မျှော်မှန်းပြီး အဲဒါတွေကို ဖြေဆိုဖို့အသင့်ပြင်ထားရပါမယ်။

တကယ်လို့ ပြောင်းလဲမှုတစ်ခုကြောင့် ဝန်ထမ်းတွေအပေါ် တိုက်ရိုက်သက်ရောက်မှုရှိတာ၊ ဝန်ထမ်းတွေကို အလုပ်ဖြုတ်တာမျိုး ဒါမှမဟုတ် ပြန်လည်နေရာချထားတာမျိုး ဒါမှမဟုတ် တခြားရှုပ်ထွေးမှုတွေမျိုးဆီကို ဦးတည်နိုင်ရင် လူငယ်မန်နေဂျာတွေအနေနဲ့ အချက်အလက်တွေကို ကြိုတင်စုဆောင်းထားရမှာဖြစ်ပါတယ်။ ပြီးတော့ ဝန်ထမ်းတွေရဲ့ မေးမြန်းမှုတွေကို အဆင်ပြေအောင် ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဒါမှသာ ဝန်ထမ်းတွေက ဘာတွေဖြစ်ပျက်နေလဲဆိုတာနဲ့ အဲဒါက သူတို့ရဲ့ နေ့စဉ်လုပ်ငန်းတွေကို ဘယ်လိုပြောင်းလဲနိုင်လဲဆိုတာ သိရှိနိုင်မှာဖြစ်ပါတယ်။

လူငယ်မန်နေဂျာတွေဟာ အသင်းအဖွဲ့ (အရောင်း၊ Marketing) အလိုက် အလွတ်သဘောတွေ့ဆုံမှုတွေအတွက် အချိန်များများသုံးစွဲရမှာဖြစ်ပါတယ်။ သူတို့နဲ့မျက်နှာချင်းဆိုင် များများဆွေးနွေးပြောဆိုနိုင်လေလေ ကောလာဟလတွေကို ပိုမိုမောင်းထုတ်နိုင်ပြီး သူတို့ရဲ့ယုံကြည်မှုလည်း ပိုမိုရရှိလာလေလေ ဖြစ်ပါတယ်။ မိမိတို့ကိုယ်တိုင်ကလည်း သူတို့နဲ့အဆင်ပြေပြီး နားလည်မှုရရှိလာအောင် ပြုလုပ်ရမှာဖြစ်ပါတယ်။

လူငယ်မန်နေဂျာအသစ်တွေဟာ လတ်တလောဖြစ်နေတဲ့အခြေအနေရဲ့ အဖြေအားလုံးကို မသိနိုင်ရင် လုပ်သားတွေရဲ့ ရောနှောနေထိုင်ဆက်ဆံပါဆိုတဲ့ စကားတစ်ခုရှိပါတယ်။

"ကျွန်တော်မသိပေမယ့် ဒီအကြောင်းကို ကျွန်တော်သိအောင်စုံစမ်းပြီး ခင်ဗျားတို့ကို ပြန်ပြောပါမယ်"

လူငယ်မန်နေဂျာတွေအတွက် ဒီလိုစကားမျိုးက ရုံးထဲမှာထိုင်နေပြီး ပြင်ပနဲ့ကင်းကွာနေတာထက်စာရင် ပိုမိုကောင်းမွန်တဲ့အလုပ်ဖြစ်မှုမျိုး ဖြစ်စေပါတယ်။

လူငယ်မန်နေဂျာတွေဟာ အောက်ပါအချက်တွေဆောင်ရွက်တာနဲ့ ပြောင်းလဲမှုအတွက် အခြေခံအလုပ်တွေကို ချမှတ်ဆောင်ရွက်ပါ။

**ဆုလာဘ်တွေကို ချီးမြှင့်ပါ**

လူငယ်မန်နေဂျာတွေဟာ ပြောင်းလဲမှုကို လိုက်လျောညီထွေ အဆောင်ရွက်နိုင်ဆုံးဝန်ထမ်းတွေကို နှစ်သက်ဖွယ်ရာကောင်းတဲ့ ဘယ်အရာတွေက စောင့်ဆိုင်းနေသလဲဆိုတဲ့ ဆုလာဘ်ချီးမြှင့်မှုနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေကိုရှင်းပြထားရမှာဖြစ်ပါတယ်။ တကယ်လို့ သူတို့ဟာ ပိုမိုကြီးမားတဲ့ ရုံးခန်းရယ်၊ ပိုမိုကောင်းမွန်တဲ့ ရုံးသုံးကိရိယာပစ္စည်းတွေရယ် ဒါမှမဟုတ် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိတဲ့ အလုပ်ချိန်ရယ် ရရှိကြမယ်ဆိုရင် သူတို့ဟာ ပြောင်းလဲမှုကို ပွင့်ပွင့်လင်းလင်းနဲ့ လက်ခံကြမှာဖြစ်ပြီး သူတို့ရဲ့ ဆန့်ကျင်မှုတွေ ပိုမိုလျော့နည်းသွားပါလိမ့်မယ်။

**ရလဒ်အမျိုးမျိုးကို ကြိုတင်မျှော်မှန်းပါ**

လူငယ်မန်နေဂျာတွေဟာ အပြောင်းအလဲရဲ့ နောက်ဆုံးရလဒ်ကို ပြောပြဖို့တာဝန်ရှိကြောင်း ဝန်ထမ်းတွေ သိရှိထားဖို့လိုပါတယ်။ ကိစ္စရပ်တွေ ဘယ်လိုကွဲပြားခြားနားသွားမလဲ၊ ရလဒ်အမျိုးမျိုးကို ပြောဆိုရှင်းပြတာနဲ့ ဝန်ထမ်းတွေရဲ့ သိလိုတဲ့ မေးမြန်းချက်တွေကို ဖော်ပြဖြေကြားပေးရမှာဖြစ်ပါတယ်။ အဖွဲ့အစည်းရဲ့ပြောင်းလဲမှုက ဘယ်လိုဖွံ့ဖြိုးတိုးတက်မလဲဆိုတာ၊ ဘယ်လိုပြောင်းလဲနိုင်တဲ့ အရာတွေက ပိုင်းဖြတ်ပေးမလဲဆိုတာ ဝန်ထမ်းတွေ သိရှိနားလည်အောင် ဖော်ပြပြောဆိုပေးရမှာဖြစ်ပါတယ်။

**အနုတ်လက္ခဏာဆောင်တဲ့ ထင်မြင်ချက်တွေကို ဟန့်တားပါ**

လူငယ်မန်နေဂျာတွေဟာ အပြောင်းအလဲနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေကို အပြုသဘောဆောင်တဲ့ အချက်တွေကို ပြောဆိုဆွေးနွေးရမှာဖြစ်ပါတယ်။ လူငယ်မန်နေဂျာတွေကို မိမိတို့ မနှစ်သက်တဲ့ကိစ္စနဲ့ အကြောင်းခြင်းရာတွေကို မပြောပြဖို့ လိုအပ်ပါတယ်။ တကယ်လို့ အဖွဲ့အစည်းပြောင်းလဲမှုနဲ့ပတ်သက်လို့ မိမိတို့မနှစ်သက်ကြောင်း ပြောခဲ့ရင် ဝန်ထမ်းတွေက မိမိတို့ရဲ့ ပြောဆိုမှုနောက် လိုက်ပါပြီး သူတို့အနေနဲ့ ပိုမိုဆိုးရွားတဲ့သဘောထားမျိုး ဖြစ်ပေါ်ခံစားကာ အခြေအနေတွေ ရှုပ်ထွေးသွားနိုင်မှာဖြစ်ပါတယ်။

သည်ဆောင်းပါးကို Peter Schoites ရဲ့ ဆိုရိုးစကားနဲ့ နိဂုံးချုပ်ပါရစေ။

**"ဝန်ထမ်းတွေဟာ ပြောင်းလဲမှုကို မခုခံ မဆန့်ကျင်ကြပါ။**

**သူတို့ကိုပြောင်းလဲပစ်လိုက်မှာကို ဆန့်ကျင်ကြပါတယ်။"**

**Ref: Prepare for the change by Lee Lacocca**

## မကွေးမြို့နယ်၌ မိုးနှမ်းများ စတင်ရိတ်သိမ်းလျက်ရှိ

မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း/မြေပဲ သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိရာ မကွေးမြို့နယ်အနေဖြင့် မိုးနှမ်း ၁၇၆၄၁၉ ဧကအား မေလဆန်းပိုင်းမှ စတင်၍ စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ် မိုးနှမ်းသီးနှံတစ်ဧကလျှင် စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၆၂၀၀၀ ခန့်ရှိခဲ့ပြီး အထွက်နှုန်းအနေဖြင့် နှမ်း ၆ ဒသမ ၅ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းတစ်တင်းလျှင် ငွေကျပ် ၅၀၆၀၀ ရရှိရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၆၉၀၀ ရရှိကြောင်း သိရသည်။ ယခုနှစ်တွင် မိုးနှမ်းတစ်ဧကလျှင် စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၃၅၈၀၀၀ ခန့်ရှိပြီး လက်ရှိနှမ်းခင်းများ၏ အခြေအနေအရ တစ်ဧကလျှင် ၇ ဒသမ ၅ တင်းခန့် ထွက်ရှိနိုင်ပြီး လက်ရှိနှမ်းဈေးနှုန်းအနေဖြင့် နှမ်းတစ်တင်းလျှင်



ငွေကျပ် ၇၆၀၀၀ ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ၂၁၂၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

## ရွှေဘိုခရိုင်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု အခြေအနေ

စစ်ကိုင်း ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လ တတိယပတ်တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၄၅၀၀၀ တန်အားဖြင့် ၂၇၂၅ တန် စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၅၀၀၀ တန်အားဖြင့် ၂၇၅၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၀၀ တန်အားဖြင့် ၂၅ တန် ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ ဩဂုတ်လ တတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး(ရွှေဝါထွန်း) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

## မြိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

မြိတ် ဩဂုတ် ၂၁

မြိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အတွင်း ပို့ကုန်တင်ပို့မှု ငါးကြိတ်သား တစ်တန်လျှင် ဒေါ်လာ ၁၈၂၀ နှုန်းဖြင့် ၁၄ ဒသမ ၄ တန်ကို အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်းရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ တင်ပို့နိုင်ခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာလျှင် ငွေကျပ် ၃၂၁၀ နှင့် ဒီဇယ် တစ်လီတာလျှင် ငွေကျပ် ၃၂၀၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ဒေသငွေလဲနှုန်းအနေဖြင့် ကျပ်/ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၁၀၈ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## မြဝတီကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

မြဝတီ ဩဂုတ် ၂၁

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ ငရုတ်၊ ကြက်သွန်နီနှင့် ရေထွက်ကုန်ပစ္စည်းဖြစ်သည့် ငါးကြင်းစီဖောင်းတို့ကို တင်ပို့ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်းကုန်ကြမ်း ဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ သွင်းကုန်ပစ္စည်း တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ယာဉ်/ယန္တရားစက်ပစ္စည်းများနှင့် အိမ်သုတ်ဆေးတို့ တင်သွင်းခဲ့သည်။

ဒေသငွေဈေးနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၁၀၇ ဒသမ ၅၃ ကျပ် ဖြစ်ကြောင်း သိရသည်။

## သရက်မြို့နယ်အတွင်း ထွက်ရှိသည့် ပဲတီစိမ်းဈေးနှုန်းဈေးကွက်



မကွေး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်သည် နှမ်း၊ ဝါနှင့် ပဲမျိုးစုံသီးနှံတို့ စိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်ပြီး ဩဂုတ်လတွင် ပဲတီစိမ်းသီးနှံများ စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ သရက်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကိုးပင်၊ မုံဇလီ၊ ထန်းရုံ၊ မဒင်း စသည့် ကျေးရွာများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံကို သရက်မြို့ ပွဲရုံများသို့ နေ့စဉ်လာရောက် ရောင်းချလျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၅၀၀၀-၅၆၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ ဩဂုတ်လ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၇၀၀၀-၅၈၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပွဲရုံတစ်ခုလျှင် တင်း ၂၀ ကျော်ခန့်ဖြင့် နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

## ၂၁.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၆၅၀ | | ၁၆၀၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၉၆၀၀ | ၂၂၀၀၀ | ၃၃၀၀ | ၈၈၀၀ | ၈၈၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၈၉၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၇၅၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၅၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၄၀၀ | ၇၂၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၇၅၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၅၂၀၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၅၀၀ | ၁၀၅၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၂၄၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၈၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၁၀၅၀၀ | ၂၅၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၀၀ | | ၁၃၀၀၀ | ၉၇၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၈၀၀၀ | ၇၅၀၀ | | ၇၅၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၈၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၂၇၀၀ | ၈၂၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၄၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၂၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ၁၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် လားရှိုးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ နေပြည်တော် နှင့် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ တောင်ကြီး၊ မြိတ်နှင့် မန္တလေးတွင် ၁၀၀ကျပ်၊ ဘားအံနှင့် မုံရွာတွင် ၆၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ရန်ကုန်တွင် ၃၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံ၊ ဘားအံ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်၊ မန္တလေး၊ ပခုက္ကူ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ တောင်ကြီးတွင် ၃၀၀ကျပ်၊ စစ်တွေနှင့် ပြည်တွင် ၄၀၀ကျပ်၊ ပဲခူးတွင် ၆၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံ၊ ဘားအံနှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ တောင်ကြီးတွင် ၁၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ဘားအံတွင် ၅၀၀ကျပ်၊ တောင်ကြီးတွင် ၃၀၀ကျပ်၊ မော်လမြိုင်နှင့် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်တွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ မန္တလေးတွင် ၁၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ဟားခါးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ ထားဝယ်တွင် ၃၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

## ၂၁-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နာမည် / အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၀၈၈။ | Prof. Dr. Surakiart Sathirathai (Former Deputy Prime Minister and Former Minister of Foreign Affairs of Thailand)ဦးစီးအဖွဲ့ဝင်(၈)ဦးကောင်းမှု | USD 100 |
| ၅၀၈၉။ | Myanmar Edible Oil Industrial Public Co.,Ltd မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀၀ |
| ၅၀၉၀။ | ဒေါက်တာမိုးဇော်ထွန်းနှင့်ဇနီး ဒေါ်မိမိနိုင်၊ (သား) မောင်နေဝင်းလင်း၊ (သမီး) မမြသက်ခိုင် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၅၀၉၁။ | အမှတ်(၉၆၈)ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)မှ တပ်မှူး၊ အရာရှိ၊ အရာခံ/ အကြပ်၊ စစ်သည် မိသားစုဝင်များကောင်းမှု | ၆၀၀၀၀၀ |
| ၅၀၉၂။ | ဦးဇော်မင်းဇင်နှင့်ဇနီး ဒေါ်တင်သီတာ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၉၃။ | ဇေယျာသိဒ္ဓိသီလရှင်ကျောင်းဆရာကြီး၊ ဆရာလေးများကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၄။ | ဦးချစ်နိုင်နှင့်ဇနီး ဒေါ်သိန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၅။ | ဦးအောင်ဟိန်းနှင့်ဇနီး ဒေါ်သိမ့်သိမ့်စန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၆။ | ဒေါ်ကြည်ကြည်ဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၇။ | ဦးဝင်းအောင်နှင့်ဇနီး ဒေါ်ထားရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၈။ | ဦးဝင်းနှင့်ဇနီး ဒေါ်သန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၉၉။ | ဦးဝင်းဇော်အေးနှင့်ဇနီး မဝင်းဝင်းဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၀။ | ဦးမင်းမင်းထွန်းနှင့်ဇနီး ဒေါ်မာလာခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၁။ | ဦးသန်းလင်းနှင့်ဇနီး ဒေါ်ကြူကြူဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၂။ | ဦးမျိုးဝင်းညွန့်နှင့်ဇနီး ဒေါ်ရှိုးလှ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၃။ | A-1 အားကစားဝတ်စုံနှင့်စတိုးဆိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၄။ | ကွယ်လွန်သူဖခင်ကြီး ဦးမိုးနှင့်ဇနီး ဒေါ်ခင်မြင့် အားရည်စူး၍ (သမီး) မရီလင်း၊ (သား) မောင်ချမ်းမြေ့ထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၅။ | ဦးဇော်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၆။ | ဒေါ်ဖွားသိန်းနှင့် သား၊ သမီးများမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၇။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်သီသီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၈။ | ဗိုလ်မှူးရဲအောင်နှင့်ဇနီး ဒေါ်မီမီကျော်ဌေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၀၉။ | ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၀။ | ဒေါ်ဝဏ္ဏစာရီ၊ ဒေါ်စန္ဒမာလာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၁။ | ဒေါ်သန်းသန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၂။ | ဒေါ်သန်းစိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၃။ | ဦးကိုကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၄။ | ကြယ်နီဆေးပေါ့လိပ်ဝန်ထမ်းမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၅။ | ဦးခင်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၆။ | ဦးအောင်ကျော်ဌေးနှင့်ဇနီး ဒေါ်တင်ဟန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၇။ | ဦးမျိုးဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၈။ | ဒေါ်အေးတုတ်၊ ဒေါ်သေးသေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၁၉။ | ဦးအောင်လွင်နှင့်ဇနီး ဒေါ်စန်းစန်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၀။ | ဒေါ်နီနီဝင်း၊ ဗိုလ်ကြီးအောင်မြင့်မြတ်၊ မဥမ္မာကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၁။ | ဆရာတော်ဦးမဏ္ဍလကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၂။ | ဒေါ်ခင်မာလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၃။ | ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဆွေဆွေဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၄။ | ဒေါ်သက်သက်အေးနှင့်မောင်နှမများကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၅။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်မာမာအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၆။ | ဗိုလ်မှူးကျော်မျိုးသန့်နှင့်ဇနီး ဒေါ်ခိုင်ခိုင်စိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၇။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ခင်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၈။ | ဦးဂျိုးဂျိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၂၉။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်ခင်မို့မို့လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၀။ | ဦးကျော်အောင်နှင့်ဇနီး ဒေါ်တင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၁။ | Sandisolar Renewable Energy Development International Co.,Ltd | ၁၀၀၀၀၀ |
| ၅၁၃၂။ | ဦးဟန်ဝင်းနှင့်ဇနီး ဒေါ်မြမြကျင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၃။ | ဦးရဲထွန်းနှင့်ဇနီး ဒေါ်ခင်ဝေဖြိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၄။ | ဒေါက်တာဌေးအောင်နှင့်ဇနီး ဒေါ်စမ်းစမ်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၅။ | ဦးမျိုးဟန်ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၆။ | ဦးစောမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၇။ | ဦးစန်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၈။ | အင်းဝဘဏ် Customer ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၃၉။ | ဦးအောင်နိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၀။ | ဦးဗီးနပ်(စ်)၊ သိဂ္ဂီသားရေလုပ်ငန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၁။ | ဦးဗိုလ်နိုင်နှင့်ဇနီး ဒေါ်အိမာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၂။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်နီနီလွင် (လဝန်းစားသောက်ဆိုင်) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၃။ | ဦးကျော်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၄။ | ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်ခင်ခင်သန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၅။ | ဒေါ်မေခိုင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၆။ | ဒေါ်သန်းသန်းနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၇။ | ဒေါ်ကြည်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၈။ | ဒေါ်ခင်မြတ်သူနှင့်မောင်နှမများကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၄၉။ | ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်သန္တာသတိုးနွယ်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၅၀။ | ဒေါ်စိန်သန်း၊ ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၅၁။ | ဦးတင်သိန်းနှင့်ဇနီး ဒေါ်မိခင်လေးဆန်း (JJY မှိုခြောက်နှင့်မှိုစားသောက်ကုန်လုပ်ငန်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၁၅၂။ | ဦးကျော်ကျော်သက်နှင့်ဇနီး ဒေါ်အေးအေးမာ၊ (သား) ထက်ကိုကိုကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော — ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် — ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မန္တလေးလမ်း၊ မြေကွက်အမှတ် (၂၇၉)၊ ဒေါ်သန္တာအုန်း အမည်ပေါက် နှစ် (၆၀) ဂရန်ထွက်ရှိထားသော အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံပါ နှစ်ထပ် လူနေအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန္တာအုန်း [၁၂/အစန (နိုင်)၀၈၂၄၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းလွင် [၁၂/ပဘတ(နိုင်)၀၁၇၆၆၄]မှ (၁၆-၈-၂၀၂၃) ရက်နေ့တွင် ငွေအပြေအကျေပေးချေဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်နှင်းဝေ (LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**

**အမှတ်(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၃၆၄၄၅၁၇**



## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စောနွဲ့ခွန်မြတ် [၁/မကန(နိုင်)၁၂၁၃၇၅] ၏ ပတ်စ်ပို့နံပါတ် M-748956) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၆၀၉၉၉၈**



## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ အမှတ်(၈/၈၅)နေ အဖ ဦးသန်းကြွယ် [၉/လဝန(နိုင်)၀၂၅၄၄၈] ၏သမီး မဖူးဖူးကြွယ်(ခ)မမြတ်သဥ္ဇာဦး [၁/ဟပန(နိုင်)၀၁၅၀၅၇] သည် တစ်ဦးတည်းဖြစ်ပါသည်။



## မွေးသက္ကရာဇ်အမှန်

အဖ ဦးဇော်မိုင် ၏သား မြစ်ကြီးနားမြို့၊ အထက(ခွဲ)၊ အာ လမ်(၁)ကျောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် Grade-6၌ တက်ရောက်ခဲ့သော မောင်လခမ် ၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၆-၂၀၀၅ ဖြစ်ပါသည်။

ကလေးနာမည်ပေးဆရာကြီး



**ရာဇာဇော်ဝင်း**

**(LL.B.) (WIPO,DL-101 Switzerland)**

ကလေးနာမည်ပေး၊ဟင်ပွန်းတစ် လူကြီးလိုရာမေး၊ကိုယ်ဝန်ဆောင်ရက်ရွေး

01394727,09-253997740, 095152521,09-73009994,

တိုက်အမှတ် (၉)ဒုထပ်၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် ၅၃၅(A) မြေအကျယ်အဝန်း(၆၀x ၆၀)ပေရှိ ဦးအောင်မိုးအမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးရွှေနု [၁၂/ဒဂန(နိုင်)၀၂၀၀၅၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးမြတ်ဖြိုး[၁၂/ပဘတ(နိုင်)၀၀၀၃၅၆]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် (၁၉-၈-၂၀၂၃)ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၃၉၄)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၁၂)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဦးအောင်မြင့်(I/RGN-၀၀၀၀၄၆)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဆန်းဦး [၁၂/ဥကတ(နိုင်)၀၈၂၀၈၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်ရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ယုဇနလမ်းသွယ်၊ တိုက်အမှတ် (၁၁၄)၊ ၅လွှာ (ခေါင်းရင်းခန်း)၊ (အလျား ၂၂ပေx အနံ ၂၂ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်သဲမာအောင် [၈/စလန(နိုင်) ၁၃၃၀၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်ဝင်း [၁၂/တတန(နိုင်) ဝ၆၃၇၆၄] က အပြီးအပြတ် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အားကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**ဒေါ်မော်မော်ဝင်း[၁၂/တတန(နိုင်) ဝ၆၃၇၆၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိတ်ဇော်နေစိုး LL.B, MA (Business Law), MBA(Candidate), DBL, DLS, ADHNA (India), HLS2SX (Harvard University), DL-101, DL-117, PCT-101E22 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၇၈)**
**အမှတ်-(၇၈၇/၁၀)၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၆၉၈၂၀၃**

## "မလွဲရည်ဝင်း(ခ)အနစ်ဖာတမာဘီနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၁)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်သန့်ဇင်ဦး(ခ)မုဟမ္မဒ်ဖေရွတ် [၁၂/သလန(နိုင်)၁၂၇၈၈၆]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၂)၊ ၃-လွှာ(အလယ်ခန်း)နေ မလွဲရည်ဝင်း(ခ) အနစ်ဖာတမာဘီတို့သည် (၂၃-၁၂-၂၀၁၈)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြား လက်ထပ်ကာ သားတစ်ဦးထွန်းကားခဲ့ပြီးနောက် အိမ်ထောင်ရေးအဆင်မပြေမှုများ၊ စိတ်သဘောထားချင်းမတိုက်ဆိုင်မှုများကြောင့် မောင်သန့်ဇင်ဦး(ခ)မုဟမ္မဒ်ဖေရွတ်က (၂၄-၇-၂၀၂၃)ရက်နေ့တွင် မလွဲရည်ဝင်း(ခ)အနစ်ဖာတမာဘီအား စာဖြင့် သွလားက်(၃)ကြိမ်ပေးပြီး လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲလိုက်သည့်အပေါ် သက်ဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး (၁)ဖွဲ့ဖြစ်သည့် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်ထံမှ အစ္စလာမ့်တရားဥပဒေအရ လင်ခန်း-မယားခန်း အပြီးအပြတ် ကွာရှင်းမှုအတည်ဖြစ်ကြောင်း ဖသ်ဝါခမ္မသတ်ရယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လင်ခန်း-မယားခန်း အပြီးအပြတ် ကွာရှင်းမှုအတည်ဖြစ်သည့် (၂၄-၇-၂၀၂၃) ရက်နေ့မှစ၍ မောင်သန့်ဇင်ဦး(ခ)မုဟမ္မဒ်ဖေရွတ်နှင့် မလွဲရည်ဝင်း(ခ)အနစ်ဖာတမာဘီတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ)မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်သန့်ဇင်ဦး(ခ)မုဟမ္မဒ်ဖေရွတ်၏ ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းဦး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၈)**
**အမှတ်(၁၈)၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၂ ဈေး၊ ရုံအမှတ်(င)၊ ဆိုင်အမှတ်(၂၅)ဆိုင်ခန်းအမည်ပေါက် ဦးအေးသိန်း[၁၂/ဥကမ(နိုင်)၀၉၅၃၆၀]မှ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားလာမှုအား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် ဈေးတာဝန်ခံရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ဈေး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ ပိတောက်(၃)လမ်း၊ အမှတ်(၁၈၀/က) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၂၀x ၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိ ပိုင်ဆိုင်နေထိုင်သူ ဒေါ်အေးအေးကြည် [၁၂/အလန(နိုင်)၀၂၅၅၀၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီဖြိုး[၇/ပခန(နိုင်)၃၄၉၄၆၅] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေမီဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇူလိုင်မိုမိုဝင်း**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၀၄)**
**အမှတ်(၁၄၂)(ခ)၊ ရေပြာလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၅၃၀၈၇၀၂၂**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၂၇)၏ ၃လွှာ၊ ခြေရင်းခန်း၊ (၂)ခန်းတွဲ၊ ၇ထပ်ရှိ တိုက်ခန်းကို ဦးချစ်ကိုကိုဇော် [၁၀/မလမ(နိုင်)၁၈၇၉၄၁]၊ ဒေါ်သင်းသီရိဆွေ [၁၀/သဖရ(နိုင်) ၁၅၁၈၉၉]ထံမှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြုပြောဆိုရောင်းချရန် ကမ်းလှမ်းရာ ဦးစိုင်းထွန်းလင်း [၁၂/လမန(နိုင်) ၁၂၁၃၁၃]တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ခိုင်မာသောကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းထွန်းလင်း**
**အမှတ်(၈)၊ ၃လွှာ(ဘီ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၃၁၆၇၇၉၉၊ ၀၉-၄၃၀၃၉၈၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ အောင်သိဒ္ဓိ(၁)လမ်း၊ မြေကွက်အမှတ်(၁၂၁)၊ မြေအကျယ်အဝန်း(၄၀'x၆၀')ပေါ်ရှိ ဦးစောကုလား(WKA-၁၆၉၅၈၁)အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်-၁၂၁(က)၊ ခေါင်းရင်းခြမ်း၊ မြေအကျယ်အဝန်း(၂၀'x ၆၀')မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးခင်ရွှေ[၁၁/ကဖန(နိုင်)၀၃၃၁၆၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေကျော်ကိုကို(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၆၈၅/၂၀၀၅)**
**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၄၆၀၅၄၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၉၇)၊ မြေကွက်လိပ်စာ-၉၇၊ နတ်သျှင်နောင်လမ်း၊ (၁၆)ရပ်ကွက် ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဗိုလ်ကြီးမြင့်ခိုင်(MLGN-၀၀၄၄၉၈)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေ (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်လှလှရီ [၁၂/ပဘတ(နိုင်)၀၁၆၃၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းချမ်းအောင်[၅/မရန(နိုင်)၂၆၆၆၈၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၅၈)၊ (အလျား၄၀ပေ x အနံ၆၀ပေ)အကျယ်ရှိ မြေချပါမစ် အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ညာ)ခြမ်း၊ (အလျား၂၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ်(၁၅၈)ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကြည်ဝင်း(MAG-၀၈၂၀၉၂)အမည်ပေါက်ကြောင်း၊ ရောင်းသူ ဒေါ်လွင်လွင်အောင်[၃/ကကရ(နိုင်) ၀၀၀၁၈၉]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်သီတာသန်းဌေး[၁၂/လမတ(နိုင်) ၀၀၀၉၈၂]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၈၄)၊ (အလျား(၄၀ပေxအနံ ၆၀ပေ)အကျယ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန် (၇)လမ်း၊ အမှတ် (၁၈၄) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသောင်းတင် (ISN-၁၀၁၇၀၀)၊ [၁၂/လမန(နိုင်)၀၈၈၇၀၉] အမည်ပေါက်ကြောင်း၊ ရောင်းသူဒေါ်ခင်သန့်ဇင် [၁၂/ပဇတ(နိုင်)၀၁၁၂၇၉]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး[၉/တသန(နိုင်)၀၉၁၈၂၀]နှင့်ကျွန်ုပ်တို့မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။ ဤပါမစ်မြေကွက် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-Iᵓ)၊ မြေကွက်အမှတ်(II-၃၂)ဟုခေါ်တွင်သော မြေပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၅)ရပ်ကွက်၊ လမ်း(၅၀) အမှတ်(၂၁/၂၃)၊ (၈)ထပ်ခွဲတိုက် (၁)ခန်းတွဲ၊ ဓာတ်လှေကားပါသော အခန်းအမှတ်(၄၀၁)၊ (၅)လွှာ၊ အကျယ်အဝန်း(၂၅ပေ x ၅၈ပေ)ရှိသော ရေ၊ မီး၊ စုပေါင်းမီးစက် အပြည့်အစုံပါရှိသည့် ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အုံနာဘုတ်အမည်ပေါက်သူဦးဝင်းသိန်း [၁၂/ဒပန(နိုင်)၀၅၂၆၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ - အေနာမူလ်ဟာဆောင်း [၁၁/မတန(ပြု) ၀၀၃၀၅၂]နှင့် ယာဆဲရ်ဟာဆောင်း[၁၁/မတန(ပြု)၀၀၃၂၉၀]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

## မိဘအမည်မှန်

သထုံမြို့နယ်၊ အ.လ.က (သုဓမ္မဝတီ)ကျောင်း Grade-9 မှ မောင်မျိုးဥက္ကာ၏ မိဘအမည်မှန်မှာ ဦးကျော်သူထွဋ်[၁၀/ပမန(နိုင်)၁၅၆၆၂၄]နှင့် မညိုညိုစိုး[၁၀/သထန(နိုင်)၁၃၆၀၉၂]ဖြစ်ပါကြောင်း။

**ဒဂုံမြို့သစ်**
**အရှေ့၊ တောင်၊**
**ဆိပ်ကမ်းမြောက်ပိုင်း**
**မြေကွက်များ**
**(အထူး)ဝယ်လိုသည်။**
**09-5055540**
**09-788322253**

## အိမ်ငှားစည်းကမ်းဖောက်ဖျက်၍ အိမ်ငှားအဖြစ်မှ ရပ်စဲပြီး ငှားရမ်းထားသော တိုက်ခန်းကို အိမ်ရှင်အား လက်ရောက်အပ်နှံပါရန်ကြေညာခြင်း

အိမ်ရှင်ဒေါ်သူနွယ်အောင်[၁၂/ဒပန(နိုင်)၀၄၈၈၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

